
www.burmeseclassic.com
အောင်မြင်စာပေ
လုံးချင်းဝတ္ထုသစ်
BURMESE CLASSIC
ရွှေပန်းကန်ချောင်းနံဘေးက
ကျွန်တော်သင့်ချစ်သူ
www.burmeseclassic.com

www.burmeseclassic.com





၈၉၅.၈၃
ပညာဒီပ
ရွှေပန်းကန်ချောင်းနံဘေးက
ကျိန်စာသင့်ချစ်သူ/ပညာဒီပ။ – ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၀။
၁၄၀ – စာ၊ ၁၃.၅ × ၂၁ စင်တီ။
(၁) ပညာဒီပ

ပုံနှိပ်ခွင့်ပြုချက်အမှတ် ၅၀၀၇၁၉၁၁၁၀၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၂၁၆၁၀၄၁၀၊
ထုတ်ဝေသူ ။ ။ ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့၊
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ် ။ ။ ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊ အမှတ်(၁၆)၊
သစ်ရာသင်လမ်း၊ သာကေတ၊ ရန်ကုန်မြို့။
ဖြန့်ချီရေး ။ ။ အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေးလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်
၅၄၁၇၄၅၊ ၅၅၂၁၀၃၊ ၀၉ ၈၀ ၃၄၅၈၁၊ ၀၉ ၅၀ ၂၁၃၅၄၊
ပထမအကြိမ် – ၂၀၁၀ ခုနှစ်၊ (ဇွန်လ)။



အခန်း(၁)

# ရွှေပန်းကန်ချောင်းနံဘေးမှ ဖြစ်ရပ်ဆန်း

မတ္တရာမြို့၏အနောက်မြောက်ယွန်းယွန်း ရွှေတောင် ငွေတောင်နှင့် မဝေးလှသောနေရာတွင် လျှိုမြောင်စိမ့်စမ်း၊ တောအုပ်များဖြင့် တင့်တယ်သာယာသော နေရာတစ်ခု ရှိလေသည်။

ထိုနေရာတွင် ရှေးအခါကတည်းက တည်ဆောက်ထားခဲ့သော ရှေးဟောင်းကျောင်းတော်ကြီးတစ်ဆောင် ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကျောင်းတော်ကြီးကို ရွှေတောင် ငွေတောင်ကို အစွဲပြု၍ ရွှေတောင်ငွေတောင်ကျောင်းဟုပင် ခေါ်ကြသည်။

၎င်းကျောင်းတော်ကြီး၏ မူလအမည်မှာ "စတုဘုမ္မိက မဟာသတိပဋ္ဌာန်ကျောင်း" ဟူ၍ဖြစ်သော်လည်း အများကတော့ ရွှေတောင်ငွေတောင်ကျောင်းဟုပင် အလွယ်တကူ ခေါ်ကြလေသည်။

ထိုကျောင်းတော်ကြီးမှာ အနီးဝန်းကျင်ရွာများနှင့် အတန်ငယ် ဝေးကွာပြီး တောရိပ်တောင်ရိပ်၌ တည်ရှိလေသည်။

အလှူအတန်းရှိသောနေ့ရက်များ၊ ဥပုသ်သီတင်းသီလ ဆောက်တည်ကြသော နေ့ရက်များတွင်သာ ရွာသူရွာသားများ ရှိသော်လည်း အခြားအချိန်များမှာတော့ တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။

ထိုကျောင်းတွင် တရားအားထုတ်သူအချို့တော့ ရှိသည်။

ကျောင်းမှာ ကျွန်းတိုင်၊ ကျွန်းသားများပင် ဆောက်လုပ်ထားခြင်းဖြစ်သည်။

တံခါးများ၊ ပြတင်းပေါက်များ၊ စုလစ်မွတ်ချွန်များကို ရွှေးလက်ရာ ကနုတ်များဖြင့် တန်ဆာဆင် ဆောက်လုပ်ထားပြီး သံမသုံးဘဲ ကျွန်းသားများချည်း ဖောက်စွပ်တပ်ဆင်ထားလျက် တည်ဆောက်ထားခြင်းဖြစ်သည်။

တိုင်ပေါင်း တစ်ရာကျော်ခန့် ရှိပြီး ကျောင်းအောက်တွင် ကွပ်ပျစ်များသာ ရှိပြီး အပေါ်သို့ လှေခါးဖြင့် တက်ကြရသည်။





နွေရာသီအချိန်တွင် ကျောင်းအောက်ရှိ ကွပ်ပျစ်များတွင် နားနေနိုင်ကြသည်။

ဥပုသ်သည်များဆိုလျှင်လည်း ကျောင်းပေါ်မှာ သီလယူပြီးသည်နှင့် ကျောင်းအောက်ရှိ ကွပ်ပျစ်များပေါ်မှာ အေးအေးဆေးဆေး နားနေနိုင်ကြသည်။

ကျောင်းနှင့် မနီးမဝေးနေရာမှာတော့ ဇရပ်ကြီးတစ်ဆောင်ရှိသည်။

အလှူအတန်း ရှိသည့်အခါများနှင့် ဥပုသ်နေ့များတွင် ပရိသတ်များ နားနေနိုင်သောနေရာဖြစ်သည်။

ထိုဇရပ်ကြီး၏ အနောက်ဘက်တွင် ကျောက်ဂူတစ်ဂူ ရှိသည်။

ထိုကျောက်ဂူ အပေါက်ဝကို ကျွန်းတံခါးကြီးဖြင့် အမြဲပိတ်ထားပြီး ကြီးမားသော သော့ခလောက်ကြီးတစ်လုံးကိုလည်း အမြဲခတ်ထားသည်။

ထိုတံခါးကိုတော့ ဖွင့်သည်မရှိဘဲ သော့ခလောက် ခတ်သော သော့ကိုတော့ ကျောင်းထိုင်ဆရာတော်ကြီး ဦးနန္ဒမာလာက သိမ်းဆည်းထားလေသည်။

ဆရာတော်ကြီးမှာ အသက်(၇၀)ကျော်အရွယ်ခန့် ရှိပြီး ကျမ်းဂန်တတ်မြောက်သော ဆရာတော်ကြီးတစ်ပါးဖြစ်သည်။

ထိုဂူပေါက်ဝကို အဘယ်ကြောင့် အမြဲပိတ်ထားသည်၊ အတွင်း၌ ဘာတွေရှိသည်ကိုတော့ မည်သူမှ မသိကြပေ။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတွင် ဆရာတော်ကြီး ဦးနန္ဒမာလာအပြင် ခန်းနေဦးပဥ္စင်းတစ်ပါးလည်း ရှိသည်။

၎င်းမှာ ဦးပညာဝံသ ဖြစ်ပြီး အသက်လေးဆယ်ကျော်အရွယ်ခန့် ရှိသည်။

ဓမ္မာစရိယတန်းအထိ ပညာသင်ခဲ့ပြီး တရားဟောကောင်းသော ဆရာတော်တစ်ပါး ဖြစ်လေသည်။

ဥပုသ်နေ့များတွင် တရားပွဲ ရှိပါက ရပ်ဝေးရပ်နီးမှ လာရောက်၍ တရားနာကြလေသည်။

ထို့ပြင် ထိုကျောင်းတွင် အခြားတစ်ယောက်လည်း ရှိသေးသည်။

BURMESE CLASSIC

အခြားမဟုတ်ပေ။

ကပ္ပိယကြီး ဦးဇန်ကောင်းပင် ဖြစ်လေသည်။

ဦးဇန်ကောင်းသည် ခေါင်းတုံးပြောင်အောင် တုံးထားပြီး သစ်ခေါက်ရေ ဆိုးထားသော အညိုရောင် ဖျင်ကြမ်း အင်္ကျီလုံချည်ကိုသာ ဝတ်ဆင်လေသည်။

သူသည် အသက်ငါးဆယ်ကျော်အရွယ်ခန့် ရှိပြီး ကျောင်း၌ ဆွမ်းကွမ်းဝေယျာဝစ္စကိစ္စ မှန်သမျှ ဒိုင်ခံလုပ်ကိုင်ပေးသူ ဖြစ်လေသည်။

ဇရပ်၏အနောက်ဘက်၌ ရှိသော ကျောက်ဂူ၏အပေါ်ဘက်တွင် တောင်ကုန်းရှိပြီး သစ်တောများဖြင့် ညို့မှိုင်းနေလေသည်။





ထိုဂူ၏အောက်ဘက်သို့ ဆင်းသွားလျှင် လှိုဏ်တစ်ခု ရှိပြီး ထိုလှိုဏ်၏အောက်ဘက်၌မူ တသွင်သွင် စီးနေသော စမ်းချောင်းတစ်ခုရှိလေသည်။

ထိုချောင်းအမည်မှာ 'ရွှေပန်းကန်ချောင်း' ဟု အမည်ပေးထားကြလေသည်။

ရှေးအခါက ကျောင်းတွင် အလှူအတန်း ရှိပါက ထိုချောင်းမှ ရွှေပန်းကန်ပြားများကို သွားရောက်ငှားယူ၍ရလေသည်။

ထိုရွှေပန်းကန်ပြားများဖြင့် ရဟန်းသံဃာတော်များအား ဆွမ်းကပ်ကြသည်။

ပြီးပါက အရေအတွက်နှင့်တကွ သူ့နေရာ ရောက်အောင် ပြန်ပို့ပေးကြရသည်။

ထိုချောင်း၏တစ်နေရာတွင် ကျောက်ခုံတစ်ခုံ ရှိပြီး မိမိတို့ အလိုရှိသော ရွှေပန်းကန် အရေအတွက်ကို ငှားရမ်းသည့်လူက ကျော်တင်ပြောထားရသည်။

အလှူရက် ရောက်၍ ထိုနေရာသို့ သွားကြည့်ပါက လိုအပ်သော ရွှေပန်းကန် အရေအတွက်ကို ရလေသည်။

ကိစ္စပြီးစီး၍ ပြန်ပို့ပါကလည်း 'ပြန်ပို့ပေးကြောင်း' သတင်းပို့ပြောဆိုရသည်။

ယခုနောက်ပိုင်းကာလ ရောက်လာတော့ ပျက်ကွက်မှုများ ရှိလာသောကြောင့် ငှားရမ်း၍ မရတော့ပေ။

ထို့ထက် ထူးခြားသော နောက်တစ်နေရာလည်း ရှိသေး



www.burmeseclassic.com

www.burmeseclassic.com



သည်။

ရေစပ်နားတွင် ကျောက်ပျဉ်နှင့် သဏ္ဌာန်တူသော ကျောက်ပြားဝိုင်းကြီးတစ်ချပ် ရှိလေသည်။

မျက်နှာပြင်မှာ ပြောင်ချောလျက် ရှိသည်။

ကျောင်း၌ အလှူအတန်းရှိ၍ ပွဲလမ်းသဘင် ပါသောရက်တွင် ညဘက် အိမ်မပြန်နိုင်သော အပျိုများက စုပြီး ထိုကျောက်ပြင်ရှိရာသို့ သွားကြသည်။

ထိုသို့သွားရာတွင် သနပ်ခါးတုံးကြီးကြီးတစ်တုံးလည်း ယူသွားကြရသည်။

ထိုနေရာ ရောက်လျှင် ကျောက်ပြင်ပေါ် သနပ်ခါးတုံးကိုတင်ပြီး. . .

"ကျွန်မတို့ အလှူကိစ္စနဲ့ မအားကြလို့ တဆိတ်လောက် သနပ်ခါးလေး ကူပြီးသွေးပေးပါရှင်"

ဟု ပြောဆိုကာ ထားပြီး စမ်းချောင်းထဲသို့ ရေဆင်းချိုးကြလေသည်။

ရေချိုးပြီး၍ ပြန်တက်လာသောအခါ ကျောက်ပြင်ကြီးပေါ်တွင် သွေးပြီးသား သနပ်ခါးရေများကို အဆင်သင့် တွေ့ကြရသည်။

ထိုသနပ်ခါးကို လိမ်းပါက မျက်နှာပွင့်လန်းခြင်း၊ လူချစ်လူခင် ပေါများခြင်းနှင့် ရောဂါဘယ ကင်းစေသည်ဟု အယုံအကြည်ရှိကြလေသည်။

တစ်ခါတစ်ရံလည်း ထိုဘက်မှ အမျိုးသမီးများ ရောက်လာ





ဆွမ်းအုပ်နှင့် ဆွမ်း၊ ဆွမ်းဟင်းများ လာရောက်ကပ်လှူကြသည်။

၎င်းတို့က ကပ္ပိယကြီး ဦးဗန်ကောင်းကိုတော့ ခင်ကြသည်။

"ကပ္ပိယကြီး. . . ကျောင်းက ဆရာတော်တွေအတွက် ဆွမ်းလိုရင် ကျွန်မတို့ကို လာပြောပါရှင်"

"နင်တို့က ဘယ်နေရာမှာ နေကြလို့ ငါက ဘယ်နေရာကို လာပြောရမှာလဲ"

ဦးဗန်ကောင်းက ကွမ်းတမြုံ့မြုံ့ ဝါးရင်း ပြန်မေးလိုက်သည်။

"ကျွန်မတို့ နေတဲ့နေရာက မဝေးလှပါဘူး၊ ရွှေပန်းကန်ချောင်းစပ်နားမှာ လာအော်ပြောလိုက်ရင် ရပါတယ်ရှင်"

"အေး. . . အေး. . . လိုတော့ ငါလာပြောမယ်"

"ဒါထက် ကပ္ပိယကြီး"

"ဘာလဲ"

"ကျောင်းမှာ အလှူအတန်းရှိရင် ကျွန်မတို့လည်း အလှူပါဝင်ချင်ပါတယ်"

"လှူတာပဲ. . . ဘယ်အချိန်လှူလှူ ရတာပဲဟာ"

"ကျွန်မတို့ လှူတာကို ကပ္ပိယကြီးက လှူပေးရမှာပါ"

"အေး. . . အေး. . . ဝါကျွတ်လို့ ပဝါယနာပွဲတို့ ကထိန်သင်္ကန်းကပ်ပွဲ နီးရင် ငါလာပြောမယ်"

"ကျေးဇူးတင်ပါတယ် ကပ္ပိယကြီးရယ်၊ တကယ်လို့ ကပ္ပိယကြီးမှာ အကူအညီ လိုရင်လည်း ပြောပါ၊ ကျွန်မတို့ အကူအညီပေး



www.burmeseclassic.com

www.burmeseclassic.com



ပါ့မယ်"

ဟု ပြောဆိုကာ ရွှေပန်းကန်ချောင်း ရှိရာ လှိုဏ်အတွင်းသို့ ပြန်ဆင်းသွားကြလေသည်။

တစ်နေ့သ၌ ဝါခေါင်လပြည့်၊ မေတ္တာအခါတော်နေ့နှင့် ဥပုသ်နေ့ တိုက်ဆိုင်သဖြင့် ကျောင်းသို့ ဥပုသ်သီတင်းဆောက်တည်ရန် လာကြသော ဥပုသ်သည် အများအပြား လာကြလေသည်။ ထိုလိုနေ့မျိုးတွင် မြို့ထဲမှ ဥပုသ်သည်များပင် တကူးတက ရောက်လာကြသည်။

ထိုလိုနေ့မျိုးတွင် အနီးဝန်းကျင်တဝိုက်ရှိ ရွာများမှ ယောကျ်ားပျို မိန်းမပျိုကလေးများမှာ ကျောင်းသို့ လာရောက်ကာ ဝေယျာဝစ္စ ဆောင်ရွက်ပေးကြလေသည်။ ယခုတစ်ပတ်တွင် မိုးမခရွာမှ ယောကျ်ားကလေး၊ မိန်းကလေးများ လာရောက်အကူအညီပေးကြသည်။

ထိုအထဲတွင် နီမောင်တို့လည်း ပါလာကြသည်။

နီမောင်က မိုးမခရွာသားတစ်ယောက်ဖြစ်ပြီး လယ်ယာအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူဖြစ်သည်။

သူသည် အသက်နှစ်ဆယ်ကျော်ဝန်းကျင်အရွယ်ခန့် ရှိပြီး ရိုးသားကြိုးစားသော လူရွယ်တစ်ယောက်လည်း ဖြစ်သည်။

မနက်ပိုင်းတွင် ဥပုသ်သည်များအတွက် ဝေယျာဝစ္စကိစ္စများ ဆောင်ရွက်ပေးကြပြီး နေ့လယ်ပိုင်းအချိန်တွင် လူငယ်လူရွယ်တို့ အားကြလေပြီ။





ထိုအခါ ဦးဇန်ကောင်းက ခေါ်ပြောလေသည်။

"ယောကျ်ားလေးတွေက ကျောင်းအတွက် ထင်းခြောက်သွားရှာကြ၊ မိန်းကလေးက ဘုရားပန်းအတွက် ရှာခဲ့ကြ၊ ဒါပေမယ့် တောထဲကိုတော့ အဝေးကြီး မသွားကြနဲ့၊ သွားရင်လည်း ကိုယ့်အဖွဲ့နဲ့ကိုယ် လူစုမကွဲကြစေနဲ့. . . ကြားလား"

"ဟုတ်ကဲ့ပါ ကပ္ပိယကြီး"

"နောက်တစ်ခုက ရွှေပန်းကန်ချောင်းဘက် ဆင်းရင် သတိနဲ့ဆင်းကြ၊ အဖော်မပါဘဲနဲ့ တစ်ယောက်ချင်း နှစ်ယောက်ချင်း မသွားကြနဲ့"

ဟု မှာကြားသည်။

"ဟို. . . ဘာဖြစ်လို့လဲ ကပ္ပိယကြီး"

နီမောင်က စပ်စပ်စုစု ပြန်မေးလိုက်သည်။

"အော်. . . တောထဲမှာ မြွေပါးကင်းပါးတွေနဲ့ တွေ့မှာစိုးလို့ပေါ့ကွာ"

ဦးဇန်ကောင်းက ဒါပဲ ပြောလိုက်လေသည်။

ကျောင်းသို့ လာရောက်၍ အကူအညီပေးကြသော လူငယ်လူရွယ်များမှာ ထိုအခွင့်အရေးကိုပင် ပျော်ရွှင်စရာတစ်ခုလိုသဘောထားကြလေသည်။

အဘယ်ကြောင့်ဆိုသော်. . .

တောတွင်းသို့ သွားရခိုက် လူငယ်လူရွယ်အချင်းချင်း မိန်းကလေး ယောကျ်ားလေးတို့ လွတ်လွတ်လပ်လပ် တွေ့ဆုံခွင့်၊ ပြော



www.burmeseclassic.com

www.burmeseclassic.com



ဆိုခွင့်ရကြသောကြောင့် ဖြစ်သည်။

ထိုအခွင့်အရေးကြောင့် သူငယ်ချင်း၊ သာမန်မိတ်ဆွေဘဝမှ ချစ်သူရည်းစားများဘဝသို့ ရောက်သွားကြသူများပင် ရှိလေသည်။

ယခင်ကတော့ ဝါဆိုလပြည့်နေ့ ဝါဆိုပန်းကပ်လှူရန် တောထဲသို့ ဝါဆိုပန်းခူး ထွက်ကြသောဓလေ့ရှိသည်။

ထိုသို့သွားရင်းမှ ချစ်သူများ ဖြစ်သွားကြလျှင် ‘ဝါဆိုပန်းချစ်သူ’ ဟု အမည်ပေးကြသည်။

နောက်ပိုင်းတော့ တောထဲသို့ ထင်းခြောက်ရှာရင်း ပန်းရှာရင်းနှင့် အဆင်ပြေ၍ ချစ်သူရည်းစား ဖြစ်သွားကြသူများကိုလည်း ‘ဝါဆိုပန်းချစ်သူများ’ ဟုပင် ကင်ပွန်းတပ်ကြလေသည်။

လူပျိုကာလသားအချို့မှာလည်း ‘ဘုရားလည်း ဖူးရင်း၊ လိပ်ဥလည်း တူးရင်း’ ဆိုသလို ထိုအခွင့်အရေးကို တကူးတက စောင့်ကြသူများလည်း ရှိသည်။

ထိုအချိန်မျိုးတွင် မိမိတို့ နှစ်သက်သောအပျိုများကို တောထဲ၌ လွတ်လွတ်လပ်လပ် စကားပြောဆိုခွင့် ရကြလေသည်။

နီမောင်တို့၊ ယောကျ်ားလေးများကို ထင်းခုတ်ရန် ဓါးမများ ယူလာကြသည်။

မိန်းကလေးများအဖွဲ့ကတော့ ဘုရားပန်း ခူးရန်အတွက်မို့ ဘာမှယူစရာ မလိုကြပေ။

သူတို့တတွေသည် နေ့လည်ပိုင်းအချိန်တွင် ကျောင်းမှ ထွက်ကာ တောတွင်းသို့ သွားကြလေသည်။





လမ်းတလျှောက်လုံးမှာ ကိုယ့်အဖွဲ့နှင့်ကိုယ်မို့ ပျော်ရွှင်စရာ ကောင်းလှသည်။

တစ်ယောက်နှင့်တစ်ယောက် စလိုက်ကြ၊ နောက်ပြောင်လိုက်ကြနှင့် အသံများက ဆူညံနေတော့သည်။

“နီမောင်. . .”

စောထီးက ခေါ်လိုက်သည်။

“ဘာလဲ”

“ဟိုမှာ မြနှင်းဖြူလည်း ပန်းခူးတဲ့အဖွဲ့ထဲမှာ ပါလာတယ်”

“အေး. . . ပါတာ ဘာဖြစ်တုန်း”

“မြနှင်းဖြူက ရွာထဲမှာ မာနကြီးလွန်းလို့ ဘယ်သူမှ ကပ်မရဘူး။ မိဘတွေကလည်း ပိုက်ဆံရှိ၊ ရုပ်ရည်ကလည်း ချောတော့ သူက တော်ရုံယောကျ်ားလေးဆိုရင် အဖက်တန်တယ်လို့တောင် ထင်တာ မဟုတ်ဘူးကွ”

“အဲဒါ ဘာဖြစ်သလဲ”

“မင်းရော သူ့ကို စိတ်မဝင်စားဘူးလား”

“ချောတဲ့လှတဲ့ မိန်းကလေးတစ်ယောက်ကို ဘယ်သူမဆို သဘောကျကြတာချည်းပေါ့၊ ဒါပေမယ့် ဖြစ်နိုင်တယ် မဖြစ်နိုင်ဘူး ဆိုတာနဲ့ တွက်ရင် စိတ်မဝင်စားတာက ပိုကောင်းတာပေါ့၊ မဟုတ်ရင် ကိုယ့်ဒုက္ခ ကိုယ်ရှာသလို ဖြစ်နေမှာပေါ့”

“လှတဲ့မိန်းကလေးကို ချစ်တာပဲ. . . ဒုက္ခရှာတာလားကွ”

“အဆင်ပြေရင်တော့ ပျော်စရာပေါ့၊ အဆင်မပြေရင် စိတ်



www.burmeseclassic.com

www.burmeseclassic.com



ညစ်စရာတွေနဲ့ တွေ့ပြီး ကိုယ့်ဒုက္ခ ကိုယ်ရှာသလို ဖြစ်မနေဘူးလား မင်းပဲ ပြောတာပဲလေ၊ သူက မာနကြီးတော့ ဘယ်သူ့ကိုမှ အဖက် တန်တယ်လို့ မထင်ဘူးဆို”

“အင်း. . . ဒါလည်း ဟုတ်တာပဲ၊ တော်ကြာမှ ‘ထိုင်နေတာကမှ ကောင်းကောင်း၊ ထသွားတော့မှ ကျိုးမှန်းသိ’ ဆိုသလို မင်းပြောသလို ကိုယ့်ဒုက္ခ ကိုယ်ရှာသလို ဖြစ်နေရင် အခက်ပဲ၊ အေးအေးနေတာပဲ ကောင်းပါတယ်”

ဟု စောထီးက အမြင်မှန် ရသွားဟန် ရှိလေသည်။

စောထီး၏အမူအယာကို ကြည့်ပြီး နီမောင်က သဘောကျစွာ ပြုံးလိုက်လေသည်။

မြနှင်းဖြူက မိုးမခ ရွာသူတစ်ယောက်ဖြစ်သည်။ မိဘများက လယ်ယာမြေ အမြောက်အများ ပိုင်ဆိုင်ထားရုံမက မြို့မှ ကုန်သည်များနှင့် အဆက်အသွယ် ပြုလုပ်ကာ ကုန်အရောင်းအဝယ် လုပ်ကြသဖြင့် စီးပွားရေးအရ တောင့်တင်းခိုင်မာကာ မိုးမခရွာသာမက မတ္တရာမြို့အထိ သတင်းပေါက်သူများ ဖြစ်ကြလေသည်။

မြနှင်းဖြူမှာ တစ်ဦးတည်းသောသမီး ဖြစ်သည့်အပြင် ရုပ်ရည်ကလည်း ချောမောလှပသူမို့ လိုချင်သူများ ဝိုင်းဝိုင်းလည်နေလေသည်။

မိုးမခရွာမှ ကာလသားများအပြင် အခြားရွာများမှ ကာလသား လူပျိုများကပင် တကူးတက လာရောက်ပိုးပန်းကြသည်။

ထို့ပြင် မတ္တရာမြို့ပေါ်မှပင် လာရောက်၍ ကမ်းလှမ်း



ခြေစပ်မှု ပြုကြလေသည်။

သို့သော်လည်း ယခုအချိန်အထိတော့ မြနှင်းဖြူမှာ မည်သူ့ထံမှ လက်မခံသေးပဲ သူ့မာနနှင့်သူ နေထိုင်သူဖြစ်လေသည်။

ယခုလည်း ပန်းခူးထွက်သည့်အဖွဲ့ထဲတွင် မြနှင်းဖြူ ပါလာသဖြင့် လူငယ်လူရွယ် ကာလသားများမှာ အရိပ်တကြည့်ကြည့်နှင့် ရှိနေကြလေသည်။

စကားတပြောပြောနှင့် ထွက်လာကြရာ အတန်ကြာသော အခါ တောထဲသို့ ရောက်လာကြသည်။

တောတွင်းသို့ ရောက်သောအခါမှာတော့ ကိုယ့်အဖွဲ့နှင့်ကိုယ် ထင်းရှာသူကရှာ၊ ပန်းချိုးသူက ချိုးကြလေသည်။

မိုးရာသီပေမို့ တောပန်းတောင်ပန်းများကလည်း မျိုးစုံအောင် ပွင့်ကြလေသည်။

နီမောင်မှာ ဓါးမတစ်ချောင်း ကိုင်ပြီး ရွှေပန်းကန်ချောင်းဘက်သို့ တစ်ယောက်တည်း ဆင်းလာလေသည်။ ထိုသို့ဆင်းလာစဉ် တစ်နေရာမှ အော်သံကြားရသည်။

“ဒီဘက်ကို လာဟေ့၊ ဒီဘက်မှာ ထင်းခြောက်တွေ အများကြီး ရှိတယ်”

ဟူသော အသံတစ်သံ ကြားလိုက်ရသဖြင့် မိမိတို့အဖွဲ့မှ လှမ်းခေါ်သည်အထင်နှင့် ထိုနေရာဘက်သို့ သွားလေသည်။

တစ်နေရာ ရောက်သောအခါ ချုံတစ်ခုဘေးမှ အလျား လိုက် ကျနေသော သစ်ကိုင်းခြောက်တစ်ခုကို လှမ်းမြင်ရသည်။

burmeseclassic.com

www.burmeseclassic.com



သစ်ကိုင်းခြောက်က လက်မောင်းလုံးအရွယ်ခန့် ရှိသည်။

"ဟန်ကျတာပဲ"

နီမောင်က ဝမ်းသာအားရဖြင့် အနီးသို့ သွားကာ ဆွဲယူလိုက်တော့ သစ်ကိုင်းခြောက် မဟုတ်ဘဲ မြွေတစ်ကောင် ဖြစ်နေပြီး တောထဲသို့ လျှောကနဲ ဝင်သွားသည်။

"ဟင်. . . ."

မျက်လုံးကို ပွတ်သပ်ကြည့်လိုက်တော့ သစ်ကိုင်းခြောက် မဟုတ်ဘဲ အမှန်ပင် မြွေတစ်ကောင် ဖြစ်နေသည်ကို တွေ့မြင်ရသည်။

"ငါ့နှယ်. . . မျက်စိက မှားပဲမှားတတ်တယ်၊ မြွေကို သစ်ကိုင်းခြောက် မှတ်ပြီး သွားဆွဲမိတော့မလို့"

ဟု တွေးကာ ထပ်မံလိုက်ရှာရာ တစ်နေရာမှာတော့ သစ်ကိုင်းခြောက်တစ်ခုကို ထပ်မံတွေ့ရသည်။

ဒီတစ်ခါတော့ စောစောကကဲ့သို့ မှားမှာစိုးသဖြင့် အသေအချာ ကြည့်ရသည်။

မမှားနိုင်ပေ. . .။

သစ်ကိုင်းခြောက်အစစ်ပင် ဖြစ်သည်။ သေချာတော့မှ ကောက်ယူရန် ပြင်လိုက်စဉ် မြွေဖြစ်ပြီး တောထဲသို့ ဝင်သွားပြန်လေသည်။

"ဟင်. . ."

ဒီတစ်ကြိမ်တော့ နီမောင် လန့်သွားမိသည်။





သူ့မျက်စိမမှားတာ သေချာပြီ။

သူ မမှားရင်တော့ တစ်ခုခုတော့ မှားနေချေပြီ။

ထိုအခိုက်မှာပင် တောစပ်မှ ရယ်သံတိုးတိုး ကြားရသည်။

"အဟိ. . ဟိ. . . ဟိ"

လှမ်းကြည့်လိုက်တော့ တောစပ်မှာ မိန်းမပျိုတစ်ယောက် ရပ်နေသည်။ သူနှင့် ရွယ်တူလောက်ပင် ရှိမည်။

"နင် ဘာရယ်တာလဲ"

"အစ်ကို့ကို သဘောကျလို့ ရယ်တာပါ"

"ငါက ဘာရယ်စရာ ရှိလို့လဲ"

"မြွေကို သစ်ကိုင်းခြောက်မှတ်ပြီး လိုက်ဆွဲနေတာ ရယ်စရာပေါ့"

"ဟင်. . . ဒါထက် နင်က ဘယ်ရွာကလဲ၊ ငါလည်း တစ်ခါမှ မမြင်ဖူးပါလား"

"ဟိုးဘက်မှာ နေတယ်"

မိန်းကလေးက တစ်နေရာသို့ လက်ညှိုးထိုးပြလေသည်။

"နင်က တစ်ယောက်တည်း ပန်းလာခူးတာလား"

"ဟုတ်တယ်. . ."

မိန်းကလေးက ပွင့်ပွင့်လင်းလင်း အမူအယာ ရှိလေသည်။

"ငါက မိုးမခရွာမှာ နေတယ်၊ ငါ့နာမည်က နီမောင်လို့ ခေါ်တယ်"

"သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . နင်ဘယ်တုန်းက သိနေတာလဲ"

"အခုမှ သိတာပေါ့. . . အဟိ"

နီမောင်စိတ်ထဲမှာ ထိုမိန်းကလေးမှာ စိတ်မှ နှံ့ပါရဲ့လားဟု တွေးလိုက်မိသည်။

"ကျွန်မက လူကောင်းတစ်ယောက်ပါ အစ်ကိုရယ်၊ အစ်ကို့ကို ခင်လို့ တမင်စတာပါ။ ကျွန်မနာမည်က နှင်းမေလို့ ခေါ်တယ်၊ အစ်ကို့ကို ထင်းခြောက်တွေ အများကြီး ရှိတဲ့နေရာကို ကျွန်မက ခေါ်ပြမလို့ပါ"

"ဘယ်နားမှာလဲ"

"ဟိုဘက်နားမှာ ရှိတယ်၊ ကျွန်မနောက်က လိုက်ခဲ့ပါ"

ဟု ခေါ်သွားသဖြင့် နီမောင်ကလည်း နောက်မှ လိုက်သွားရာ တစ်နေရာတွင် ပုံထားသော ထင်းခြောက်များကို တွေ့ရသဖြင့် ဝမ်းသာသွားလေသည်။

"အခုလို ခေါ်ပြပေးတာ ကျေးဇူးတင်ပါတယ်ကွာ"

ဟု ပြောကာ ထင်းခြောက်များကို နွယ်ကြိုးဖြင့် စည်းလေသည်။

ပြီး၍ နောက်သို့ လှည့်ကြည့်လိုက်သောအခါ နှင်းမေဆိုသောမိန်းကလေးကို မတွေ့ရတော့ပေ။







## အခန်း(၂)

# ကျောက်ပြင်ပေါ်မှ သနပ်ခါးသွေးသူ

မတ္တရာမြို့သည် ရှေးဟောင်းသမိုင်းဝင်နေရာတစ်ခု ဖြစ်ပေသည်။

မတ္တရာ ဟူသောအမည်ကပင် သမိုင်းဟောင်း ရှိပေသည်။

ဖခမည်းတော် ဗိန္ဒုသာရမင်းကြီး နတ်ရွာစံ ကံတော်ကုန်ပြီးသည့်နောက် သာသနာ သက္ကရာဇ်(၂၁၄)ခုနှစ်တွင် သီရိဓမ္မာသောကမင်းကြီး ထီးနန်းသိမ်းပိုက်တော်မူသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်တွင် ရာဇာဘိသေက ခံယူတော်မမူသေးဘဲ လေးနှစ်တိုင်တိုင် တိုင်းရေးပြည်ရေး တည်ငြိမ်အောင် စီမံပြီးမှ သာသနာ သက္ကရာဇ်(၂၁၈)ခုနှစ် ရောက်မှ ရာဇာဘိသေက ခံတော်မူသည်။

သီရိဓမ္မာသောကမင်းကြီးသည် နိဂြောဓ သာမဏေ၏ အဆုံးအမကို ခံယူပြီး မြတ်စွာဘုရား၏တရားတော်များကို ကြည်ညိုသောကြောင့် ဓမ္မက္ခန္ဓာစေတီများ အပါအဝင် စေတီပေါင်း ရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်း ရှစ်သောင်းလေးထောင်၊ ကျောင်းတော်ပေါင်း ရှစ်သောင်းလေးထောင်ကို နေရာအနှံ့၌ တည်ထားခဲ့ပေသည်။

သို့ပြင် အခြားသော ကုသိုလ်တော် အပေါင်းနှင့် သားတော် သမီးတော်တို့အား သာသနာ့အမွေခံစေလျက် ရဟန္တာအဖြစ်သို့ ရောက်အောင် ဆောင်ကျဉ်းပေးသော ကုသိုလ်အဟုန်တို့ကြောင့် သေလွန်သောအခါ ကောင်းရာဘုံဘဝသို့ ရောက်ရမည် အမှန်ဖြစ် သော်လည်း နတ်ရွာစံကာနီး၌ ငြိစွန်းသော အာရုံနှင့် ဝိပါက ဝ ကြွေးကြောင့် နတ်ရွာစံပြီးသောဘဝ၌ ကြီးစွာသော မြွေကြီးဘဝနှ နေရသေး၏။

ထိုအခြင်းအရာကို တွေ့မြင်သောအခါ ရဟန္တာဘဝသ ရောက်ရှိနေသော သားတော် ရှင်မဟိန္ဒ ကိုယ်တော်တိုင် နောက် အမတ်တစ်ရာတို့ လိုက်ပါ၍ ကြွလာတော်မူပြီး ချွေချွတ်ရ သည်။

ရဟန္တာ ကြွလာသည်ကို မြင်သောအခါ တိရစ္ဆာန်တို့ဘာ





ခုခံပုန်ကန်သောနေရာကို 'မြွေပုန်ကန်တောင်' ဟု ခေါ်ဝေါ်ခဲ့ကြ သည်။

မြွေကြီးဘဝနှင့် သမင်ဒရယ်တို့ကို ဖမ်းဆီးသတ်ဖြတ်စား သောက်ပြီး အရိုးများကို အန်ချသောနေရာကို 'စားချင့်တောင်' ဟု ခေါ်ရာမှ ယခု စကျင်တောင်ဟု အမည်တွင်လေသည်။

မြွေကြီးကို ချွတ်၍ ရဟန္တာမထေရ်မြတ် ပြန်ကြွသော်လည်း နောက်မှ လိုက်ပါလာသော အမတ်တစ်ရာမှာ မပြန်တော့ပဲ ထိုနေ ရာ၌ မြို့တည်သောကြောင့် 'အမတ်တစ်ရာမြို့' ဟု အမည်တွင်ရာမှ ယခု 'မတ္တရာမြို့' ဟု အမည်တွင်လျက် ရှိတော့သည်။

စားချင့်တောင်မှ စကျင်တောင်ဟု အမည်တွင်ခဲ့သော တောင်မှ ထွက်သော ကျောက်သလင်းတို့မှာ ဖြူဖွေးသန့်စင်၍ တမူ ထူးခြားစွာ ရှိသဖြင့် ဗုဒ္ဓဆင်းတုတော်များ ထုလုပ်ကိုးကွယ်ကြသည်။

အမရပူရမြို့တွင် ကျောက်တော်ကြီးဘုရား ရုပ်ပွားတော် တစ်ဆူရှိပြီး မန္တလေးမြို့၌လည်း မန္တလေးတောင်ခြေအနီးတွင် မင်း တုန်းမင်းတရားကြီး ထုလုပ်ကိုးကွယ်တော်မူသော ကျောက်တော် ကြီး ဘုရားတစ်ဆူလည်း ရှိ၏။

ထိုကျောက်တုံးကြီးများမှာ အခြားကျောက်တုံးများနှင့် မတူ သဲ ထိုစကျင်ကျောက်တုံးကြီးများကို အခြားကျောက်ဖျာချပ်ကြီးများ က သဘာဝအတိုင်း ထူးခြားစွာ မိုးကာထားကြလေသည်။

မတ္တရာမြို့သည် ရှေးဟောင်းသမိုင်းဝင် နေရာဟောင်း တစ်ခုဖြစ်ရာ ဇမ်းဒေသ၏ပတ်ဝန်းကျင်တဝိုက်မှာလည်း ထူးခြား



www.burmeseclassic.com

www.burmeseclassic.com



ဆန်းကြယ်သောနေရာများစွာ ရှိလေသည်။

ငှင်းမြို့၏အနောက်မြောက်ယွန်းယွန်းတွင် မင်းမွေးတောင်၊ မာလဲတောင်နှင့် ရွှေတောင်ငွေတောင်တို့ ရှိကြလေသည်။

ရွှေတောင်ငွေတောင်၏တောင်ခြေ မနီးမဝေးနေရာတွင် တောင်နှစ်လုံးကို ဖေ့ရန် ဟန်ပြင်နေသော ကျောက်နွားသိုးရုပ်ကြီး ရှိလေသည်။

ထိုကျောက်နွားသိုးကြီး၏လည်ပင်းတွင် ကျောက်ဖြင့် ပြုလုပ်ထားသော သုံးလွန်းတင်ကြိုးကြီး ရှိလေသည်။

ထိုသုံးလွန်းတင် ကြိုးမှာ ထူးထူးဆန်းဆန်း နှစ်လွန်းပြတ်နေလေသည်။

ပထမ တစ်လွန်းကတော့ ဘယ်ခေတ် ဘယ်အချိန်ကတည်းက ပြတ်နေမှန်း ဘယ်သူမှ မသိလိုက်ကြပေ။

ဒုတိယ တစ်လွန်းမှာ လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော်ခန့်က ပြတ်သွားခဲ့ပေသည်။

ထိုတစ်လွန်း ပြတ်သည့်အချိန် မတ္တရာမြို့နှင့် အနီးပတ်ဝန်းကျင်တဝိုက်မှာ မြေငလျင်လှုပ်သကဲ့သို့ သိမ့်သိမ့်တုန်သွားရာ လူပေါင်းများစွာ ထိတ်လန့်ကြရသည်။

နောက်မှ ကျောက်ကြိုး သုံးလွန်တင်မှ နောက်ထပ် တစ်လွန်းပြတ်ကြောင်း သိကြရသည်။

သိုက်တဘောင်စာများ အဆိုအရမူ. . .

ထိုကျောက်ကြိုးကြီး သုံးလွန်းစလုံး ပြတ်တောက်သွားပါက





ကျောက်နွားသိုးကြီးမှာ အသက်ဝင်လာပြီး ရှေ့၌ ရှိသော ရွှေတောင် ငွေတောင်ကြီးများကို တိုးဖေ့ဖြိုဖျက်ပစ်လိမ့်မည်။

ထိုအခါ တောင်အောက်၌ ရှိသော ရွှေငွေကျောက်သံပတ္တမြားများ ပေါ်လာပါက မည်သူမဆို သွားယူနိုင်ကြောင်း သိုက်တဘောင်စာများ ရှိလေသည်။

သို့ကြောင့်. . .

ခေတ်အဆက်ဆက်တွင် သိုက်ဆရာများ ရောက်လာပြီး ကျန်သည့် ကျောက်ကြိုးကြီးတစ်ချောင်းကို ပြတ်တောက်စေရန် နည်းအမျိုးမျိုးဖြင့် ကြိုးစားကြပေသည်။

သို့သော် မရပေ။

လာရောက်ကြိုးစားသူများပင် ဘေးဒုက္ခ အမျိုးမျိုးနှင့် တွေ့တာ ပြန်ပြေးကြရလေသည်။

ရှေ့မှာ ဖော်ပြခဲ့သည့်အတိုင်း ရွှေတောင်ငွေတောင်နှင့် တဆက်တည်း ရှိသော ရွှေပန်းကန်ချောင်းတဝိုက်မှာလည်း ထူးဆန်းအံ့သြဖွယ်ရာ များစွာရှိခဲ့လေသည်။

မကြာမီ သီတင်းကျွတ် လပြည့်နေ့ ရောက်တော့မည်။ ထိုအခါ လူငယ်လူရွယ်များရော ရွာမှ လူကြီးများပါ ကျောင်းသို့ သွားတာ ဝေယျာဝစ္စ လုပ်သည့်သူကလုပ်၊

သီတင်းကျွတ် ဘုရားမီးပူဇော်ပွဲ၊ ဘုရားပန်း ကပ်လှူပွဲအတွက် ကြိုတင်စီစဉ်သူကစီစဉ်၊

ပဝါယနာပွဲအတွက် ယခုကတည်းက ကြိုတင်ပြုလုပ်သူတာ



www.burmeseclassic.com

www.burmeseclassic.com



မြူလုပ်ရန်နှင့် မနားကြရအောင် ရှိလေသည်။

အလှူပွဲ နီးပြီမို့ ယောကျာ်းလေးအဖွဲ့များ ထင်းရှာသူကရှာ၊ ရေခပ်သူကခပ်နှင့် ရှိသလို မိန်းကလေးအဖွဲ့များကလည်း တောထဲ သွား၍ ပန်းရှာသူကရှာ၊ ကျောင်း၌ ဝေယျာဝစ္စ လုပ်သူက လုပ်ကြလေသည်။

မြနှင်းဖြူ ခေါင်းဆောင်သော အပျိုအဖွဲ့က တောထဲ သွားတာ ပန်းခူးထွက်ကြလေသည်။

မြနှင်းဖြူနှင့်အတူ အခြားအဖော်လေးယောက်လည်း ပါသည်။

"မြနှင်းဖြူ ဟိုတစ်ခေါက် ဝါဆိုပန်းခူး ထွက်တုန်းက နင် ဘာသတင်းကြားသလဲ"

"ဟင့်အင်း. . . ငါတော့ ဘာမှမကြားမိပါဘူး၊ ဘာဖြစ်လို့လဲ"

"နီမောင်တစ်ယောက် တောထဲမှာ ထင်းရှာရင်းနဲ့ ကောင်မလေးတစ်ယောက်နဲ့ ချိန်းတွေ့နေကြတာ မြင်တဲ့လူက မြင်ခဲ့တယ်လို့ ပြောတယ်"

"ဟုတ်ရဲ့လား. . . နီမောင်မှာ ရည်းစားရှိတယ်လို့ ငါ မကြားမိပါဘူး၊ ဘယ်က ကောင်မလေးလဲ၊ ငါတို့ရွာကလား"

"မဟုတ်ဘူးတဲ့"

"ဒါဖြင့် ဘယ်ရွာကလဲ"

"အဲဒါလဲ မသိဘူးတဲ့၊ ချောတာတော့ အတော်ချောတယ်





လို့ ပြောတယ်"

"တယ်ဟုတ်ပါလား. . . နီမောင်က ရိုးတယ် အေးတယ်နဲ့ သူက ဘယ်ရွာက အမျိုးသမီးနဲ့များ ချိတ်နေသလဲ မသိဘူး၊ အခု လည်း နီမောင်တို့တတွေ တောထဲ လာတဲ့အထဲမှာ ပါလာတယ် မဟုတ်လား"

"အေး. . . တွေ့တယ်"

"ဒီလိုဆိုရင် ဟုတ်မဟုတ် သိရအောင် ပန်းခူးရင်းနဲ့ သူ့ အခြေအနေကို တစေ့တစောင်း အကဲခတ်ကြည့်ကြဟေ့"

"အေး. . . ကောင်းတယ်"

"ဒါထက် နင်တို့တတွေ သနပ်ခါးတုံး ပါလာကြတယ် မဟုတ်လား"

"ငါ့မှာ ပါတယ်"

"သနပ်ခါးတုံးက ဘာလုပ်ဖို့လဲ"

"သီတင်းကျွတ်တော့မယ်လေ. . . ငါတို့အပျိုကြီးတွေ မျက်နှာလေးဘာလေး ပွင့်အောင်၊ ချစ်သူခင်သူနဲ့ တွေ့အောင် ကျောက်ဖျဉ်ကြီးမှာ သနပ်ခါး သွေးခိုင်းပြီး လိမ်းကြရမယ်၊ ဒါမှ စွံတဲ့သူ စွံမှာပေါ့"

ဟု ပြောဆိုရယ်မောကာ ချောင်းစပ်သို့ ရောက်သောအခါ သဘာဝအတိုင်း ဖြစ်နေသော ကျောက်ဖျဉ်ကြီး ရှိရာသို့ သွားကြလေသည်။

ထိုနေရာတဝိုက်မှာ တောရိပ် တောင်ရိပ်များဖြင့် အေးချမ်း



www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်လှသည်။

စမ်းရေစီးသံနှင့် ကျေးငှက်ကလေးများအော်သံက သာယာလှပေသည်။

ကျောက်ပျဉ်ကြီးအနီးသို့ ရောက်သောအခါ ယူလာသော သနပ်ခါးတုံးကို တင်လိုက်ပြီး. . .

"ကျွန်မတို့ ပန်းခူးစရာရှိလို့ သနပ်ခါးလေး တဆိတ်လောက် သွေးပေးထားပါရှင်"

ဟု အသံကျယ်ကျယ်ဖြင့် သုံးကြိမ်သုံးခါ အော်ပြောပြီး သနပ်ခါးတုံးကို ကျောက်ပျဉ်ပေါ် တင်ထားခဲ့ကာ တောထဲသို့ ပန်းခူးရန် ဝင်သွားကြလေသည်။

အတန်ကြာသောအခါ ထိုနေရာသို့ အမျိုးသမီးတစ်ယောက် ရောက်လာလေသည်။

သူသည် ကျောက်ပျဉ်ကြီးပေါ်မှာ သနပ်ခါးတုံး တင်ထားသည်ကို တွေ့သောအခါ ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ရေစပ်သို့ ဆင်းလာသည်။

ပြီးလျှင် ကျောက်ပြားမျက်နှာပြင်ကို ရေဖြင့် စင်ကြယ်အောင် ဆေးလိုက်ပြီးနောက် သနပ်ခါးတုံးကို စိမ်ပြေနပြေ ထိုင်သွေးနေတော့သည်။

သူမသည် သနပ်ခါး သွေးနေရင်းမှာပင် အမျိုးသမီးတို့သဘာဝအတိုင်း သီချင်းကလေးပင် ညည်းနေလိုက်သေးသည်။

အချိန်တော်တော်ကြာတော့ ကျောက်ပျဉ်ပေါ်မှာ သနပ်ခါး





အရည်များက အတော်ကလေး ရနေချေပြီ။

ထိုအခိုက်မှာပင် တောစပ်မှ ခါးမတစ်ချောင်း ကိုင်ထားသော လူတစ်ယောက် ထွက်လာသည်။ နီမောင်ပင် ဖြစ်သည်။

နီမောင်က ကျောက်ပျဉ်ပေါ်မှာ သနပ်ခါး ထိုင်သွေးနေသော နှင်းမေကို မြင်သောအခါ အံ့သြသွားသည်။

"ဟင်. . . နှင်းမေ မဟုတ်လား"

နှင်းမေက လှည့်ကြည့်ပြီး ပြုံး၍ခေါင်းညိတ်ပြသည်။

"ဒီမှာ ဘာလုပ်နေတာလဲ"

"သနပ်ခါး သွေးနေတာလေ"

နီမောင်က ချောင်းစပ်ရောက်အောင် ဆင်းသွားသည်။

"ငါကြားဖူးတာတော့ ဒီကျောက်ပျဉ်က ဥစ္စာစောင့်ဆိုလား သိုက်စောင့်ဆိုလား ပရလောကသားတွေ လာသွေးပေးတယ်လို့ ကြားဖူးတာပါ၊ အခု မင်းက သွေးနေတော့. . ."

"ဥစ္စာစောင့်လည်း လူပါပဲ အစ်ကိုရယ်၊ ဒါပေမယ့် ကျွန်မကတော့ ဥစ္စာစောင့် မဟုတ်ပါဘူး၊ လူအစစ်ပါပဲ၊ ကဲ. . . အစ်ကို လိမ်းမလား၊ ဒီသနပ်ခါးလိမ်းရင် မျက်နှာပွင့်တယ်"

နှင်းမေက သနပ်ခါးအချို့ကို လက်ဖြင့် တို့ယူရင်း ပြောသည်။

"မလိမ်းချင်ပါဘူး နှင်းမေရယ်၊ မျက်နှာပွင့်တယ်ဆိုတာ စိတ်ထားဖြူစင်ဖို့ပဲ လိုပါတယ်၊ သနပ်ခါး လိမ်းဖို့ မလိုပါဘူး၊ မျက်နှာပေါ်မှာ သနပ်ခါး လိမ်းထားပြီး အတွင်းစိတ်က မကောင်းရင် ဘာယ်သူမှ



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခင်ကြမှာ မဟုတ်ပါဘူး"

"ဟုတ်မှာပါ. . . အစ်ကိုက စိတ်ထားဖြူစင်တာကိုး၊ ဒါကြောင့် အားလုံးက ခင်ကြတာ ဖြစ်မှာပေါ့၊ ကျွန်မတောင် အစ်ကို့ကို တွေ့တွေ့ချင်းပဲ အစ်ကိုတစ်ယောက်လို ခင်မိသွားတာ"

ဟု ပွင့်ပွင့်လင်းလင်းပင် ပြောသည်။

"ဒါထက် အစ်ကို အခု ဘာလာလုပ်တာလဲ"

"ကျောင်းမှာ ပဝါယနာပွဲ ရှိတယ်၊ သီတင်းကျွတ်မီးထွန်းပွဲလည်း ရှိတယ်၊ ဒါကြောင့် အလှူအတွက် ထင်းလာရှာတာဟ"

"ဒီလိုဆိုရင် ကျွန်မလည်း အတူတူ လိုက်ရှာပေးမယ်လေ၊ ဒါမှ ကုသိုလ်ရမှာ၊ ထင်းခြောက်တွေ အများကြီး ရှိတဲ့နေရာကို ကျွန်မသိတယ်"

"ဒါဖြင့်လည်း သွားကြမယ်လေ"

နှင်းမေက သွေးလက်စ သနပ်ခါးတုံးကို ကျောက်ပျဉ်ပေါ် ပြန်ချထားခဲ့ပြီး နီမောင်နှင့်အတူ လိုက်လာလေသည်။

သူတို့ ထွက်သွားပြီး မကြာခင် တောစပ်မှ မြနှင်းဖြူတို့ တတွေ ထွက်လာကြသည်။

သူတို့သည် သနပ်ခါးကျောက်ပျဉ်အနီးသို့ ရောက်အောင် လာကြလေသည်။

"မြနှင်းဖြူ အခုတော့ ငါတို့ ပြောတာကို ယုံပြီ မဟုတ်လား၊ နီမောင်နဲ့ ထွက်သွားတဲ့ ကောင်မလေးက မချောဘူးလား"

"အေး. . . ချောတယ်၊ ဒါပေမယ့် သူ့ကို တစ်ခါမှ မမြင်ဖူး





ဘူး၊ ဘယ်ရွာကလဲ မသိဘူး"

"ဟဲ့. . . ရွာက ဟုတ်ချင်မှ ဟုတ်မှာ၊ တောထဲကို အဖော်မပါဘဲနဲ့ တစ်ယောက်ထဲ လာနေတယ်ဆိုတော့ နင်စဉ်းစားကြည့်ပါလား၊ နောက်ပြီး ကျောက်ပျဉ်ပေါ်က သနပ်ခါးတွေကလည်း သူသွေးထားခဲ့တာလေ"

မြနှင်းဖြူတို့တတွေမှာ ကျောက်ပျဉ်ပေါ်သို့ သနပ်ခါးတုံးတင်ထားခဲ့ပြီး တောစပ်တစ်နေရာမှ ချောင်းမြောင်းကြည့်နေရာမှ ထိုမြင်ကွင်းကို လှမ်းမြင်ကြရခြင်း ဖြစ်သည်။

"ဒါဖြင့် သူက ဘာလဲ"

"ငါ့အထင်တော့ ဥစ္စာစောင့် ဖြစ်မှာပေါ့"

"ဟဲ့. . . ဥစ္စာစောင့်နဲ့လူနဲ့က အခုလို အတူတူနေလို့ ရမလား"

"ရတာပေါ့. . . ငါတို့အမေ ပြောဖူးတာ ဥစ္စာစောင့်နဲ့လူနဲ့ ညားပြီး အတူနေလိုက်တာ နောက်ဆုံး ကလေးနှစ်ယောက် သုံးယောက် ရပြီးမှ သိုက်ထဲကို ပြန်သွားတဲ့ အဖြစ်အပျက်တောင် ရှိဖူးတယ်လို့ ငါကြားဖူးတယ်"

"ဟယ်. . . ဒီလိုဆိုရင်တော့ နီမောင်တော့ ဒုက္ခပါပဲ"

"ဒါမျိုးက ကိုယ်ဝင်ပြောလို့ ရတာမျိုးမှ မဟုတ်တာ၊ သူ့ဘာသာသူ သိပြီး ရှောင်မှ ရမှာပေါ့"

"မဖြစ်ဘူး. . . ဒီအကြောင်းကို လူကြီးတွေ သိအောင်ပြောမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု မြနှင်းဖြူက ဝင်ပြောသည်။

"သူ့ဖာသာဖြစ်တာနှင်နဲ့ ဘာဆိုင်လို့လဲ၊ ဘာလဲ. . . နင်က မနာလို ဖြစ်နေလို့လား"

ရှင်ထွေးက ဝင်ပြောလိုက်ရာ မြနှင်းဖြူမှာ မျက်နှာတစ်ချက် ပျက်သွားလေသည်။

"အို. . . ငါက ဘာဆိုင်လို့ မနာလို ဖြစ်ရမှာလဲ၊ အနေသာ ကြီးပါအေ"

"ကဲ. . . ဒါဖြင့်လည်း သနပ်ခါးလူးပြီး ပန်းခူးသွားကြရ အောင်"

ဟု ပြောကာ ကျောက်ပျဉ်ပေါ်မှာ နှင်းမေ သွေးထားခဲ့သော သနပ်ခါးများကို တစ်ယောက်တစ်တို့စီ ယူ၍လိမ်းကြပြီးနောက် တောထဲသို့ ပန်းရှာရန် သွားကြလေသည်။

နီမောင်နှင့် နှင်းမေတို့နှစ်ယောက်မှာလည်း တစ်နေရာတွင် ထင်းခြောက်များကို အဆင်သင့် တွေ့ရသဖြင့် လျှော်ကြိုးတစ် ချောင်း ရှာကာ ထင်းစည်း စည်းနေလေသည်။

"နှင်းမေ ငါ့ကို ထင်းခြောက်တွေ ကူပြီးရှာပေးတာ ကျေးဇူး တင်ပါတယ်ဟာ၊ နင်လည်း ကုသိုလ်ရတာပေါ့၊ ဒါထက် နင်တို့ရွာက ဘယ်မှာလဲ. . . အတော်ဝေးသလား"

"မဝေးပါဘူး"

"မဝေးရင် လပြည့်နေ့ ရောက်ရင် ကျောင်းကို လာခဲ့ပါလား မီးထွန်းပွဲ ရှိတော့ ပျော်စရာ ကောင်းတယ်"





"ကျွန်မက လာချင်ပေမယ့် အဘိုးတို့က လွှတ်မှာ မဟုတ်ပါ ဘူး"

ဟု ဝမ်းနည်းသံကလေးနှင့် ပြောလေရာ နီမောင်လည်း ဆက်မပြောသာတော့ပေ။

"ကျွန်မ မလာနိုင်ပေမယ့် အလှူအတွက်တော့ ငွေလှူလိုက် ချင်တယ်၊ အစ်ကို ယူသွားပေးမလား"

"ပေးလိုက်လေ. . . ငါလှူပေးမှာပေါ့"

"ဒါဖြင့် ဒီနေရာက ခဏလေး စောင့်နေဘ်"

ဟု ပြောကာ တောထဲ ပြန်ဝင်သွားလေသည်။ ထိုအခိုက်မှာ ဝင် ၎င်း၏အဖော်များ ဖြစ်သော စောထီးနှင့်ငမဲအောင်တို့ ရောက် လာကြလေသည်။

"ဟား. . . ထင်းခြောက်တွေ အများကြီး ရထားပါလား၊ တန်ကျတာပဲ"

"ကဲ. . . ပြန်ကျရအောင် နီမောင်ရေ၊ ဟိုဘက်မှာ မြနှင်းဖြူ တို့လည်း ပြန်ဖို့ စောင့်နေကြတယ်"

ထိုသို့ခေါ်သဖြင့် နီမောင်မှာ ဆက်စောင့်ရကောင်းနိုးနိုး၊ လိုက်သွားရကောင်းနိုးနိုး ဖြစ်နေလေသည်။

"ဟို. . ဟို. . ခဏလေး စောင့်ကြပါဦးဟ"

"မင်းက ဘယ်သူ့ကို စောင့်နေတာလဲ၊ တို့ လာတဲ့အဖွဲ့တွေ အားလုံးစုံနေပြီလေ၊ မင်းက ဘယ်သူ့ကို စောင့်ချင်လို့လဲ"

"မဟုတ်ကာမှလွဲရော. . . မင်း တစ်ယောက်ယောက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



များ ချိန်းထားလေရော့သလား"

"မချိန်းပါဘူးကွာ"

"မချိန်းရင် သွားကြမယ်၊ မြနှင်းဖြူက မင်းကို ကောင်မလေး တစ်ယောက်နဲ့ ထွက်သွားတာ တွေ့လိုက်တယ်၊ အဲဒါကြောင့် မင်းကို လိုက်ရှာဖို့ ပြောလို့ ငါတို့ လာတာ၊ မင်း ငါတို့ မသိအောင် ဘာတွေလုပ်နေတာလဲ"

"ဘာမှမလုပ်ပါဘူးကွာ"

"မလုပ်ရင် သွားကြမယ်၊ အချိန်မရှိတော့ဘူး"

ဟု ဖွတ်အတင်းခေါ်နေကြသဖြင့် နီမောင်လည်း ဆက်မငြောင့်သာတော့ပဲ အဖော်များနှင့် လိုက်ခဲ့ရလေတော့သည်။

ထိုအချိန်တွင် အထုပ်ကလေးတစ်ထုပ်ကိုင်၍ သစ်ပင်ကွယ်တစ်နေရာမှ ရပ်ကြည့်နေသော နှင်းမေကိုတော့ သူတို့တတွေ မမြင်မိကြပေ။

ထိုကိစ္စက ဒီမှာတင် ပြီးမသွားပဲ ကျောင်းပြန်ရောက်တော့ မိန်းကလေးများက တောထဲမှာ တွေ့ခဲ့ရပုံများကို ကပ္ပိယကြီးကို တိုးတိုးတိတ်တိတ် ပြန်ပြောပြကြလေသည်။

"နင်တို့ပြောတာ အမှန်ပဲလား"

"အမှန်ပေါ့. . . ကျွန်မတို့မျက်စိနဲ့ကို မြင်ခဲ့ကြရတာ"

"ဒီအတိုင်း မှန်ရင်တော့ မရိုးဘူး၊ နီမောင်ကို ပရလောကသား တစ်ယောက်ယောက်က နှောင့်ယှက်နေပြီနဲ့ တူတယ်၊ ကြာရင် ဒုက္ခရောက်လိမ့်မယ်"





"ဒါဖြင့် ဘယ်လိုလုပ်မလဲ ကပ္ပိယကြီး"

"အကျိုးအကြောင်း ပြောပြီး နား်ချရမှာပေါ့၊ တားသင့်တာ တားရမှာပေါ့"

ဟု ပြောလိုက်တော့မှ မိန်းကလေးများလည်း ဘုရားပန်းလဲရန်အတွက် ထွက်သွားကြလေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com





အခန်း(၃)

# အမှောင်ကိုယ်အတွင်းမှ ကျောက်သွားသိုး

သီတင်းကျွတ်လပြည့်နေ့တွင် စတုဘုမ္မိကကျောင်း၌ မနက်ပိုင်း ပဝါယနာပွဲနှင့် ဥပုသ်သီတင်း လာစောင့်သူများကို သီလပေး၊ တရားဟောခြင်းများ ပြုလုပ်ပေးလေသည်။

အခါကြီးနေ့ကြီးမို့ သီလယူရန် လာကြသော ဥပုသ်သည်များမှာ ရပ်ဝေးရပ်နီးမှ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ရောက်လာကြသည်။ နီမောင်တို့ လူငယ်လူရွယ်များကတော့ ဧည့်သည်ဖြိုသတ်



www.burmeseclassic.com

www.burmeseclassic.com



များအတွက် ကွမ်းဆေး၊ လက်ဖက်၊ လက်ဖက်ရည် အစရှိသော ဧည့်ခံမှုများ ပြုလုပ်ပေးကြရသည်။

ထိုသို့လုပ်နေရင်းမှ ငမဲအောင်က နီမောင်အနီးသို့ ရောက်လာပြီး မေးသည်။

"နီမောင် . . . မနေ့က တောထဲမှာ တွေ့တဲ့ ကောင်မလေးက ဘယ်ရွာကလဲ"

"ငါလည်း မသိပါဘူးကွာ"

"မသိဘူးသာ ဆိုတယ်၊ မင်းတို့ချင်းက အတော်ရင်းနှီးကြတယ်ဆိုပါလား"

"မင်းကို ဘယ်သူပြောသလဲ"

"မင်းတို့ကိစ္စက မြနှင်းဖြူတို့ မိန်းကလေးတစ်ဖွဲ့လုံးက မျက်စိနဲ့ မြင်ပြီး သိနေကြတာပဲ၊ အခုဆိုရင် ကပ္ပိယကြီးတောင် သိနေပြီ"

"ငါတို့က ရိုးရိုးတန်းတန်း ခင်မင်ကြတာပါကွာ"

ဟု ပြောလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ဒီတစ်ခါ တောထဲ သွားလို့ သူနဲ့ တွေ့ရင် ငါတို့လည်း ကြည့်ပါရစေ"

"အေးပါ"

ထိုအခိုက်မှာပင် ရပ်ဝေးမှ လာကြဟန်တူသော ဧည့်သည်တစ်ဖွဲ့ ရောက်လာကြသည်။ စုစုပေါင်း ငါးယောက်ဖြစ်သည်။

အသက်အကြီးဆုံး အဘိုးကြီးတစ်ယောက် ပါပြီး မိန်းကလေး ဒလေးယောက်ပါလာသည်။





အဘိုးကြီးက အဖြူရောင်အဝတ်ကို ဝတ်ဆင်ပြီး မိန်းကလေး လေးယောက်က အညိုရောင်အဝတ်များ ဝတ်ထားကြသည်။

မိန်းကလေးတစ်ယောက်က ရွှေခေတ် နန်းတွင်းသုံး ဆွမ်းအုပ်ကို ရွက်လာပြီး ကျန်သုံးယောက်က သစ်သီးနှင့် အခြားစားဖွယ်များကို ရွှေလင်ပန်းကလေးများဖြင့် ကိုင်လာကြသည်။

၎င်းတို့မှာ တခြားရပ်ဝေးမှ လာကြဟန်ရှိသည်။

ယခင်ကလည်း ကျောင်းကို တစ်ခေါက်မှ မရောက်ဖူးသောကြောင့် ကပ္ပိယကြီး ဦးဗန်ကောင်းကိုယ်တိုင် ကျောင်းအောက်သို့ ဆင်းကြိုလေသည်။

"လာကြပါ . . . ကြွကြပါ၊ ရပ်ဝေးက လာကြတယ် ထင်ပါရဲ့"

"မှန်ပါတယ် မိတ်ဆွေကြီး၊ သီလယူရအောင်လို့ ရပ်ဝေးက လာခဲ့ကြတာပါ"

"အခုလို တကူးတက ကြွလာကြတာ ဝမ်းသာပါတယ်၊ ကျောင်းပေါ်ကို ကြွကြပါ"

ဟု သူကိုယ်တိုင် ရှေ့မှ ဦးဆောင်ခေါ်လာလေသည်။

ကျောင်းပေါ်မှာတော့ မြနှင်းဖြူ ခေါင်းဆောင်သော မိန်းမပျိုအဖွဲ့က ဆွမ်းပွဲများ လဲလှယ်ပေးသော တာဝန်ယူထားကြရာ ဧည့်သည်များ ပါလာသော ဆွမ်းပွဲများကို ဆီးကြို၍ ယူကြလေသည်။

"ဟဲ့ . . . မိန်းကလေးတို့၊ ဒီက ဧည့်သည်တွေဆီက ဆွမ်းဆွဲ



www.burmeseclassic.com

www.burmeseclassic.com



ကို ယူပြီး လှယ်ပေးကြပါ”

ဟု ဦးဇန်ကောင်းက လှမ်းပြောလိုက်သဖြင့် မြနှင်းဖြူ ကိုယ်တိုင်ထွက်လာပြီး ယူသည်။

မြနှင်းဖြူသည် ဆွမ်းအုပ်ကို လှမ်းယူရင်း ဆွမ်းအုပ်ရွက်လာသော မိန်းကလေးမျက်နှာကို မြင်သောအခါ တအံ့တဩ ဖြစ်သွားလေသည်။

ထိုမိန်းကလေး၏မျက်နှာကို ကောင်းစွာမှတ်မိနေသည်။ မနေ့က ရွှေပန်းကန်ချောင်းသို့ ရောက်စဉ်က ကျောက်ဖျဉ်ပေါ်မှာ သနပ်ခါး လာသွေးပေးသော မိန်းကလေးပင် ဖြစ်လေသည်။

မိန်းကလေးက ပြုံးပြပြီး ဆွမ်းအုပ်ကို လှမ်းပေးသည်။

ထို့အတူ သူနှင့်အတူတူ ရှိနေကြသော ရှင်ထွေး၊ မြရင်၊ အေးကြည်၊ ရင်ရွှေတို့ကလည်း ထိုမိန်းကလေးကို ကောင်းစွာမှတ်မိနေကြသည်။

ထို့ထက်ပို၍အံ့ဩဖို့ကောင်းသည်က ၎င်းတို့ သစ်သီးနှင့်အခြားမုန့်နှင့်စားဖွယ်များ ထည့်လာသော ဇန်းများက သာမန်ဇန်းမဟုတ်ဘဲ ရွှေလင်ဗန်းများ ဖြစ်ကြလေသည်။

ဆွမ်းပွဲများကို လှယ်ပြီးသောအခါ ဦးဇန်ကောင်းကိုယ်တိုင်ဧည့်သည်များအတွက် နေရာချပေးလိုက်သည်။ ထိုသို့နေရာချပေးပြီး အပြင်သို့ ပြန်ထွက်လာသောအခါ မြနှင်းဖြူက တိုးတိုးကပ်ပြောလေသည်။

“အဘ. . . အခုရောက်တဲ့ ဧည့်သည်တွေနဲ့ ပါလာတဲ့ မိန်း





ကလေးတစ်ယောက်က နီမောင်နဲ့ တောထဲမှာ တွေ့ခဲ့တဲ့ မိန်းကလေးတစ်ယောက် ပါလာတယ်”

ဦးဇန်ကောင်းက ခေါင်းညိတ်ပြသည်။

“ငါရိပ်မိပါတယ်”

“သူတို့က ဒီလိုနေရာမျိုးတွေကို လာနိုင်ကြလို့လားဟင်”

“ပရလောကသားတွေမှာလည်း အဆင့်အတန်း အမျိုးမျိုးရှိကြတယ်၊ ရဟန်းသံဃာတွေရှေ့မှာ သီလယူနိုင်တဲ့အဆင့်မျိုးဆိုတာကတော့ သာမန်အဆင့်အတန်းထဲက မဟုတ်ကြတော့ဘူး။ သူတို့က လူတွေနဲ့ ပေါင်းသင်းနေနိုင်တဲ့အဆင့်မျိုးပဲ၊ နီမောင်အတွက်တာတော့ ကံကောင်းတာပေါ့”

“ဟင်. . . ဘာဖြစ်လို့လဲဟင်”

“ငါတို့တစ်ရွာလုံး စုလိုက်ရင်တောင် သူတို့ မုန့်ထည့်လာတဲ့ ရွှေလင်ဗန်းတစ်ချပ်ကို မှီမှာမဟုတ်ဘူး၊ ဒီလောက် အဆင့်ရှိတဲ့သူတွေဟာ ရွှေငွေကျောက်သံပတ္တမြားတွေ ကြိုက်သလောက် အသုံးပြုနိုင်ကြတယ်”

ဟု ပြောကာ ထွက်သွားလေသည်။

ကျောင်းပေါ်တွင် နှင်းမေတို့ ရောက်နေသည်ကို ကျောင်းနှင့် မနီးမဝေး ကွက်လပ်တွင် ရေနွေးအိုး တည်နေသော နီမောင်တစ်ယောက်ကတော့ မသိရှာသေးပေ။

အတန်ကြာတော့ မြနှင်းဖြူကိုယ်တိုင် ရောက်လာပြီး လာပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"နီမောင်. . . ကျောင်းပေါ်မှာ နင့်ကောင်မလေး ရောက်နေတယ်"

ထိုစကားကြောင့် နီမောင်မှာ အံ့သြသွားလေသည်။

"ဘယ်ကောင်မလေးလဲ. . . ငါ့မှာ ဘယ်သူမှ မရှိပါဘူး"

"အခုမှ မသိချင်ယောင် ဆောင်နေပြန်ပြီ၊ နင်နဲ့ ရွှေပန်းကန်ချောင်းမှာ တွေ့တဲ့ ကောင်မလေးလေ၊ အခု ကျောင်းပေါ်မှာ ရောက်နေကြတယ်"

"ဟင်. . ."

ထိုအခါမှ နီမောင်မှာ မျက်လုံးပြူးသွားလေသည်။

သို့ကြောင့် ကျောင်းပေါ်သို့ တက်လာပြီး မလှမ်းမကမ်းနေရာမှ လှမ်းကြည့်တော့ လူအုပ်ကြားထဲမှာ ထိုင်နေသော နှင်းမေကို တွေ့ရလေသည်။

အရှေ့ဘက်သို့ လှည့်ထိုင်နေသောကြောင့် နှင်းမေကတော့ သူ့ကို မမြင်ပေ။

နှင်းမေနှင့်အတူ အသက်အရွယ်ကြီးလှသော အဘိုးကြီးတစ်ယောက် ပါလာသဖြင့် အနားတော့ ရောက်အောင် မသွားတော့ပေ။

ကျောင်းအောက် ပြန်ရောက်လာတော့ မြနှင်းဖြူက စကားနာထိုးသည်။

"တွေ့ခဲ့ပြီလား"

နီမောင်က ခေါင်းညိတ်ပြသည်။





"နင်က တယ်လဲ ခြေသွက်နေပါလား၊ ဘယ်အချိန်ကများ အခုလို အဆက်အသွယ် ဖြစ်သွားကြတာလဲ"

"ငါတို့က ရိုးရိုးခင်မင်ကြတာပါ"

"ရုပ်ရည်ကလည်း ချော၊ ဥစ္စာပစ္စည်းကလည်း ချမ်းသာပုံရတော့ နင့်အတွက် စိတ်အေးရတာပေါ့"

"မြနှင်းဖြူရယ်. . . ဘာတွေလျှောက်ပြောနေတာလဲ၊ ငါ့အနေနဲ့ အခုအချိန်အထိ တခြားဘယ်လိုရည်ရွယ်ချက်မျိုးမှ မရှိသေးပါဘူး"

ဟု ပြောကာ နီမောင်က ရေနွေးအိုး ကျိုသည့်နေရာသို့ ပြန်လျှောက်လာလေသည်။

ဘာပဲဖြစ်ဖြစ် မမျှော်လင့်ပဲ နှင်းမေတို့ကို တွေ့မြင်လိုက်ရသဖြင့် ရင်ထဲမှာ ကတုန်ကယင် ဖြစ်နေမိသည်ကတော့ အမှန်ဖြစ်သည်။

နံနက်ပိုင်းအချိန်တွင် ဥပုသ်သည်များကို ဦးပညာဝံသတသီလပေးကာ တရားဟောသည်။

သီလတရားတော် ပေးပြီးနောက် ရဟန်းသံဃာများ အတွက် ပဝါယနာပွဲ ဆက်လုပ်ကြသည်။

ဆွမ်းကပ်ချိန်ရောက်တော့ ရဟန်းသံဃာတော်များကို ဆွမ်းကပ်ပြီးနောက် ရပ်ဝေးမှ ရောက်လာသော ဥပုသ်သည်များကို နံနက်စာ ထမင်းကျွေးလေသည်။

ထိုအချိန်မှာတော့ ရွာခံ လူငယ်လူရွယ်များမှာ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



အများဆုံးဖြစ်ကြလေသည်။

ထမင်းစားသောက်ပြီးသောအခါ အချို့က ဇရပ်ပေါ် သွားသူကသွား၊ အချို့က တောရိပ်တောင်ရိပ်များ ရှိရာ သွားကာ တရားအလုပ် လုပ်ကြလေသည်။

ထိုအချိန်ရောက်မှ နှင်းမေတို့လေးယောက်က ကျောင်းပေါ်မှ ပြန်ဆင်းလာကြသည်။ နီမောင်က ကျောင်းအောက်မှ စောင့်နေရာ အဆင်သင့် တွေ့ရလေသည်။

နှင်းမေက သူ့ကို မြင်တော့ ပြုံး၍နှုတ်ဆက်သည်။ ဒီကနေ့တော့ သူမ၏အမူအယာမှာ ခါတိုင်းနှင့် မတူဘဲ တည်တည်ငြိမ်ငြိမ်ကလေး ဖြစ်နေပြန်သည်။

"ကျွန်မတို့ ပြန်ကြတော့မယ်၊ အစ်ကို ကျွန်မတို့ရွာကို လိုက်လာခဲ့မလား"

"ဒီကနေ့တော့ ကျောင်းမှာ ဝေယျာဝစ္စတွေ လုပ်ပေးနေရတော့ မလိုက်အားသေးဘူး၊ နောက် အားတော့မှပဲ လာခဲ့တော့မယ်၊ ဒါထက် ဘယ်လိုလာရင် ရောက်မှာလဲ"

"ကျွန်မတို့ နေတဲ့နေရာက ရွှေပန်းကန်ချောင်းနဲ့ မဝေးလှပါဘူး၊ အစ်ကို လာနိုင်မယ့်ရက်ကျတော့ ကျွန်မ လာခေါ်မှာပေါ့"

ဟု ပြောဆိုနှုတ်ဆက်ကာ ပြန်သွားကြလေတော့သည်။

နီမောင်မှာ ထိုနေ့တစ်နေ့လုံး နှင်းမေအကြောင်းကိုသာ တွေးနေပြီး သူမကို သတိရနေမိသည်။

ညဦးပိုင်းရောက်တော့ ဘုရားမှာ ဆီမီးထွန်းပွဲ ပြုလုပ်ကြရာ





တစ်ရွာလုံး ယောကျ်ားလေးရော မိန်းကလေးများပါ အစွမ်းကုန်ပြင်ဆင်ခြယ်သ၍ အကောင်းဆုံး အဝတ်အစားများကို ဝတ်ဆင်လာကြလေသည်။

ထိုညအဖို့မှာတော့ အပျိုလူပျိုတို့ လွတ်လွတ်လပ်လပ် တွေ့ဆုံခွင့် ရကြပြီး မိမိတို့ ပြောလိုသော အကြောင်းအရာများကို ပြောခွင့်ရကြလေသည်။

ဘုရားရင်ပြင်တော်ပေါ်မှာ ဖယောင်းတိုင်များအပြင် ဆီမီးခွက်များပါ ထွန်းကြသဖြင့် အလင်းရောင်လည်းရ မြိုင်မြိုင်ဆိုင်ဆိုင်လည်း ရှိနေသည်။

မိန်းကလေးများက ၎င်းတို့ ယူလာသော ဘုရားပန်းများကို ပန်းအိုးများအတွင်းသို့ လိုက်လံထိုးစိုက်နေကြသည်။

မြနှင်းဖြူတို့ ဘုရားပန်း လဲနေရာသို့ ကာလသားတစ်ဖွဲ့ ရောက်လာသည်။

၎င်းတို့မှာ မိုးမခရွာမှ မဟုတ်ကြပဲ မတ္တရာမြို့မှ ဆီစက်ပိုင်ရှင်သား ထွန်းအောင်ကျော်နှင့် ၎င်း၏အပေါင်းအသင်းလူရွယ်များ ဖြစ်ကြသည်။

ထွန်းအောင်ကျော်က မြနှင်းဖြူကို သဘောကျ နှစ်သက်နေ၍ အခွင့်အရေး ရသည်နှင့် မိုးမခရွာသို့ ရောက်လာပြီး မြနှင်းဖြူတို့အိမ်၌ တည်းကာ ချစ်စကားပြောလေ့ရှိကြသည်။

လူကြီးချင်းကလည်း စီးပွားရေး လုပ်ဖော်ကိုင်ဘက်၊ ခင်မင်သူများ ဖြစ်ကြသဖြင့် လူငယ်အချင်းချင်း အဆင်ပြေပါက လက်



www.burmeseclassic.com

www.burmeseclassic.com



ထပ်မံ၍ နှုန်းပင် ရည်စူးထားကြလေသည်။

သို့ကြောင့်လည်း ထွန်းအောင်ကျော်က ဝင်ထွက်သွားလာနေခြင်းဖြစ်သည်။ မြနှင်းဖြူကတော့ ယခုအချိန်အထိ တိတိကျကျ အဖြေမပေးရသေးပေ။

ထိုသို့ မဆုံးဖြတ်ဝံ့ခြင်းမှာ ထွန်းအောင်ကျော်မှာ မိဘအရှိန်အဝါကို အသုံးချပြီး ပေါ့ပေါ့နေ ပေါ့ပေါ့စား နေတတ်ပြီး အသောက်အစားလည်း မကင်းသူတစ်ယောက် ဖြစ်သောကြောင့်ပင်။

ထွန်းအောင်ကျော်က ရောက်သည်နှင့် မြနှင်းဖြူ ရှိရာသို့ လာ၍လေသည်။

"မြနှင်းဖြူတို့ရွာက ဘုရားမီးထွန်းပွဲ စည်တယ် သတင်းကြားလို့ တကူးတက လာခဲ့ကြတာ၊ ဒီရောက်တော့လည်း ပြောကြတဲ့အတိုင်းပါပဲလား၊ တကယ့်ပျော်စရာကြီးပါလား"

"ကိုထွန်းအောင်ကျော်ပါလား. . . ဘယ်တုန်းက ရောက်ကြသလဲ"

"အခု ညဦးပိုင်းအချိန်ပဲ ရောက်လာကြတာ၊ မြနှင်းဖြူတို့အိမ်မှာပဲ တည်းမယ်လေ၊ ဒီညတော့ မြနှင်းဖြူနဲ့ စကားတွေ အများကြီး ပြောချင်တယ်"

"ဘာတွေများ ပြောမှာလဲ ကိုထွန်းအောင်ကျော်ရယ်"

"အော်. . . မြနှင်းဖြူရယ်၊ ပြောစရာတွေကတော့ အများကြီး ရှိတာပေါ့၊ တို့နှစ်ယောက်က လူကြီးချင်းတွေက အဆင်ပြေပြီးသားကို၊ ငါတို့ချင်း အဆင်မပြေလို့ အခုလို ဖြစ်နေကြတာ မဟုတ်





လား၊ ဒါကလည်း မင်းကြောင့်ပဲ"

"ဟင်. . . ကျွန်မကြောင့် ဟုတ်လား၊ ကျွန်မက ဘာတွေများ လုပ်နေလို့လဲ"

"မင်းက အဖြေပေးရမယ့်ကိစ္စကို အခုထိ အဖြေမပေးသေးလို့ ကြန့်ကြာနေရတာ မဟုတ်လား၊ ကဲ. . . ဒီတစ်နှစ်လည်း ဝါတွင်းတော့မယ်၊ ကိုယ့်ကို ဘယ်လိုအဖြေပေးမှာလဲ"

ထိုစကားကြားသောအခါ မြနှင်းဖြူက သဘောကျစွာ တစ်ချက်ပြုံးလိုက်လေသည်။

"ရှင့်ကြည့်ရတာ ပဲကုန်သည်တစ်ယောက်နဲ့ အတော်တူတယ်၊ ဒီနှစ်တော့ ပဲဈေး ဒီလောက်ရှိတယ်၊ နောက်နှစ်ကျရင် ပဲဈေး ဘယ်လောက်ဖြစ်မှာလဲလို့ လာမေးသလို ဖြစ်နေပြီ"

"ဟင်. . ."

မြနှင်းဖြူက တည်တည်ငြိမ်ငြိမ် ပြန်ပြောလိုက်ရာ ထွန်းအောင်ကျော်သာမက ၎င်းနှင့် ပါလာသောအဖော်များပါ တွန့်သွားကြသည်။

"အိမ်ထောင်ရေးကိစ္စ စဉ်းစားတဲ့အခါ လွယ်လွယ်တွေးလို့မရတာ၊ ဆုံးဖြတ်ရမယ့်ကိစ္စဆိုရင် ပိုတောင် အရေးကြီးသေးတယ်၊ ကျွန်မဘဝတစ်ခုလုံး ပုံအပ်လိုက်ရမယ့်ကိစ္စမျိုးကို အခုလိုတော့ လွယ်လွယ်ကလေးနဲ့ ဆုံးဖြတ်ပေးမှာ မဟုတ်ပါဘူး၊ ရှင် ကျွန်မအပေါ်မှာ တကယ်မေတ္တာရှိတယ်ဆိုရင်တော့ စိတ်ရှည်ရမှာပေါ့"

"ငါ မိန်းကလေးတစ်ယောက်အပေါ်မှာ စိတ်ရှည်ရှည်နဲ့



www.burmeseclassic.com

www.burmeseclassic.com



စောင့်ခဲ့တာ မင်းတစ်ယောက်ပဲ ရှိသေးတယ်၊ အေးလေ. . . မင်းဘက်က စောင့်ပါဆိုတော့လည်း စောင့်ကြည့်ရဦးမှာပေါ့၊ ကဲ. . . ငါသွားတော့မယ်"

ဟု ပြောဆိုကာ ထွန်းအောင်ကျော်တို့အဖွဲ့ ပြန်သွားကြလေသည်။ ထိုအခါမှ စောစောက မယောင်မလည်နှင့် အနားမှ ရှောင်ပေးကြသော အဖော်များ ပြန်ရောက်လာကြသည်။

"ဟဲ့. . . မြနှင်းဖြူ နင် ဟိုလူကြီးကို ဘာပြောလွှတ်လိုက်လဲ၊ ဒေါသတကြီးနဲ့ ပြန်သွားတာ တွေ့လိုက်တယ်"

"ဘာမှမပြောပါဘူးဟယ်. . . သူက ထုံးစံအတိုင်း လက်ထပ်ဖို့ ပြောတယ်၊ ငါက မဖြစ်နိုင်သေးဘူးလို့ ပြန်ပြောလိုက်တယ်၊ ဒါပါပဲ"

"သူတို့က ပိုက်ဆံချမ်းသာတဲ့ မြို့သားတစ်ယောက်ဆိုပြီး တောမှာ နေတဲ့ မိန်းကလေးတစ်ယောက်ရဲ့မေတ္တာကို လျှော့တွက်တာလည်း ပါမှာပေါ့"

မြရင်က သူ့ ထင်မြင်မှုကို ဝင်ပြောလေသည်။

"ငါကတော့ ဘဝနဲ့ ရင်းရမယ့် အိမ်ထောင်ရေးတစ်ခုကို ဘယ်တော့မှ လွယ်လွယ်နဲ့ ဆုံးဖြတ်မှာ မဟုတ်ဘူး၊ ငါ့အသည်းနှလုံးက လက်ခံတဲ့လူနဲ့ လက်ထပ်ရတဲ့လူဟာ တစ်ယောက်တည်းပဲ ဖြစ်ရမယ်၊ အခုအချိန်ထိတော့ ကိုထွန်းအောင်ကျော်ကို ချစ်သူတစ်ယောက်အနေနဲ့ စဉ်းစားလို့ မရသေးပါဘူး"

ဟု ပြောဆိုနေကြစဉ် နောက်ထပ်အမျိုးသမီးတစ်ဖွဲ့ ရောက်





လာကြပြန်သည်။

ဂိန်းကလေးချည်း ဆယ်ယောက်ခန့် ရှိသည်။ နောက်ထပ်ရောက်လာသူများမှာ မိမိတို့ရွာမှ မဟုတ်သဖြင့် မြနှင်းဖြူတို့ ရွာခံများက နေရာဖယ်ပေးလိုက်ကြလေသည်။

မိန်းကလေးများမှာ အသက်ကလည်း ရွယ်တူလောက်ရှိပြီး ချောချောလှလှကလေးများချည်း ဖြစ်သဖြင့် ရွာခံကာလသားအချို့မှာ တရစ်ဝဲဝဲ လာလုပ်နေကြလေသည်။

မိန်းကလေးများသည် ဆီမီးထွန်းခြင်း၊ ပန်းကပ်လှူခြင်းများ ပြုလုပ်ပြီး အတန်ကြာအောင် ဘုရားဝတ်ပြုနေကြသည်။

အတန်ကြာ၍ ပြီးစီးသွားသောအခါမှ လာလမ်းအတိုင်း ပြန်ဆင်းသွားကြလေသည်။

ထိုအခါ စောစောက မနီးမဝေးမှ မယောင်မလည် လုပ်နေကြသော ကာလသားအချို့မှာ နောက်မှ မယောင်မလည်နှင့် လိုက်သွားကြသည်။

အတန်ကြာသောအခါ ထိုအဖွဲ့မှာ ပုဆိုးမနိုင် ပုဝါမနိုင် ပြန်ပြေးလာကြသည်။

"ဟဲ့ကောင်တွေ. . . ဘယ်လိုဖြစ်လာကြတာလဲဟ"

ကပ္ပိယကြီး ဦးဗန်ကောင်းက ဆီးမေးလိုက်သည်။

ထိုအခါ တစ်ယောက်က မောသံကြီးဖြင့် ပြန်ပြောလေသည်။

"မပြောပါနဲ့တော့ ကပ္ပိယကြီးရယ်၊ စောစောက လာသွား



www.burmeseclassic.com

www.burmeseclassic.com



တဲ့ မိန်းကလေးတွေ ဘယ်ဘက် သွားသလဲလို့ နောက်ကနေ နောက်ယောင်ခံပြီး လိုက်ကြည့်ကြတာ၊ တောစပ်ရောက်တော့ ကြိုးတန်းလန်းနဲ့ နွားသိုးကြီးတစ်ကောင် ထွက်လိုက်တာနဲ့ ပြေးခဲ့ရတာပါဗျာ"

"မင်းတို့ မဟုတ်တဲ့စိတ်နဲ့ လိုက်သွားတာကိုး၊ နွားထွက်လိုက်ရုံဆိုရင် တော်သေးတာပေါ့၊ တော်ကြာ တင်းပုတ်နဲ့ ထွက်ထုလိုက်မှ အားလုံး သေနေကြမယ်"

ဟု ပြောလိုက်တော့မှ အားလုံး ဇက်ကလေးများ ပုသွားကြလေသည်။

ထိုနေရာတပိုက်သည် ယခင်ကတည်းက ဆန်းကြယ်သောအကြောင်းအရာများ ရှိခဲ့သည်ကိုတော့ လူငယ်တို့က မသိကြပေ။

ထိုအဖြစ်အပျက်များကား ကြာတော့ ကြာခဲ့ပေပြီ။

မှတ်မှတ်ရရ လွန်ခဲ့သော နှစ်ပေါင်းသုံးရာကျော် အချိန်တာလက ဖြစ်ပေသည်။







## အခန်း(၄)

# ကျောက်ကန်ရုံထဲမှ ချစ်သူ

**(၁၂၄၀)**ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း(၆)ရက်နေ့တွင် မင်း တုန်းမင်းကြီး နတ်ရွာစံသောအခါ ထိုနေ့မှာပင် အိမ်ရှေ့စံ သီပေါ မင်းသားသည် ထီးနန်းသိမ်းပိုက်တော်မူသည်။

(၁၂၄၁)ခုနှစ်၊ နယုန်လတွင် သီပေါမင်းသည် သီရိပဝရာ ဘိသိက်ကို သွန်းခံတော်မူ၍ ထီးဆောင်းမင်္ဂလာ ဥကင်သဘင် ဖွင့်တော်မူပြီးလျှင် သီရိပဝရာ ဒိတျ တိလောကဓိပတိ ပဏ္ဍိတ မဟာ

www.burmeseclassic.com



ခမ္မရာဇာမိရာဇာ ဘွဲ့တံဆိပ်တော်ကို ခံတော်မူသည်။

သီပေါမင်းသည် ဘုရင်အဖြစ်သို့ ရောက်သောအခါ ခမည်းတော် နတ်ရွာမစံမီက အကျဉ်းချထားခြင်း ခံရသော မင်းညီမင်းသား(၄၀)ကျော်တို့အား ရွှေလွှတ်တော်မှ အမိန့်မပါရှိပဲ လက်သုံးတော်တို့က ကွပ်မျက်သုတ်သင်ခဲ့ကြလေသည်။

၎င်းအနီးတွင် မင်းလိုလိုက် မင်းကြိုက်ဆောင်သောလူတစ်စုတိုတော့ မြို့စားနယ်စား ပေးကာ ချီးမြှင့်မြှောက်စားခဲ့လေသည်။

ထိုအထဲတွင် 'ရနောင်မောင်မောင်တုတ်' လည်း တစ်ဦးအပါအဝင် ဖြစ်လေသည်။

ရနောင်မောင်မောင်တုတ်မှာ ဘုရင်က မြှောက်စားသဖြင့် မြို့စားနယ်စား ဖြစ်ရသော်လည်း ရုပ်ရည်ကလည်း ကြမ်းတမ်း၊ စိတ်ထားကလည်း နိမ့်ကျသူ ဖြစ်သည်။

အသားမည်းမည်း၊ ကျောက်ပေါက်မာ ဗရပျစ်နှင့် ကွမ်းကလည်း မပြတ်စားနေရာ ပါးစပ်မှာ ကွမ်းတံတွေး တရွှဲရွှဲနှင့် အကြည့်ရ ဆိုးလှလေသည်။

၎င်းမှာ ရုပ်ရည်ဆိုးသလောက် စိတ်ထားကလည်း ဆိုးလှသည်။

မြို့ရွာထဲမှာ တွေ့သမျှ မိန်းမချော မိန်းမလှ မှန်သမျှ အပျိုအအိုမရှောင် အားလုံးတော်ကောက်ကာ ခြေတော်တင်လေ့ ရှိသည်။

ဆင်ခိုးမလေး အမည်ရှိသော မင်းသမီးမှာ ကာမပိုင် လင်ယောက်ျားရှိရုံမက သားသမီးသုံးယောက်ပင်ရှိသော်လည်း ရနောင်မောင်မောင်တုတ်က သဘောကျသဖြင့် လင်ဖြစ်သူကို ရွှေသုံးပိဿာပေး၍ မြို့သူကြီး ခန့်ကာ အဝေးကို နှင်လိုက်ပြီး ဆင်ခိုးမလေးကို အဓမ္မ သိမ်းပိုက်ခဲ့လေသည်။

ထို့ပြင် ကချေသည်များ၊ အပျိုတော် မှန်သမျှကိုလည်းတော်ကောက်ယူလေသည်။

သူနေသော အိမ်ကြီးပတ်ဝန်းကျင်မှာ သိမ်းပိုက်ထားသောမယားတို့ကို အိမ်ခွဲ၍ဆောက်ပေးထားရာ အိမ်ပေါင်း တစ်ရာကျော်ရှိပြီး ရွာဝိုင်းကြီးသဖွယ် ဖြစ်နေတော့သည်။

၎င်းမှာ သီပေါဘုရင်က နောင်တော်ကြီးအရာထားကာမြှောက်စားထားသောကြောင့် 'ဘုရင့်နောင်တော်' ရယ်လို့ ထင်ရှားနေလေတော့ မှူးမတ်သေနာပတိတွေကလည်း မပြောဝံ့ကြပေ။

အရည်အချင်းရှိသော မင်းညီမင်းသား အားလုံးကို သတ်ဖြတ်ကာ ရနောင်မောင်မောင်တုတ်လို အရည်အချင်း မရှိဘဲ အကြိုက်ဆောင်တတ်သော လူယုတ်မာတို့ကို မြှောက်စားချီးမြှင့်ခဲ့သော သီပေါဘုရင်၏အရည်အသွေးကိုလည်း ထိုနေရာမှာ သိနိုင်လောက်ကြပေပြီ။

ရနောင်မောင်မောင်တုတ်ကို ဘယ်လောက်အထိ ယုံကြည်သလဲဆိုရင် သူ့တစ်သက် ကိုယ့်တစ်သက် မိမိလက်နက်နဲ့ အသေမသေစေရပါဘူးလို့ ကတိပေးထားရတဲ့အထိပါပဲ။

ဒီတော့ ရနောင်မောင်မောင်တုတ် ဆိုးတာကိုလည်း အဆုံး







www.burmeseclassic.com

www.burmeseclassic.com



ပြောလို့ မရတော့ပါဘူး။ နောက်တော့ ကင်းဝန်မင်းကြီး အစရှိတဲ့ မှူးမတ်ကြီးများရဲ့အကြံပေးချက်အရ ရွှေမြို့တော်၏ခါတ်တံခါး လေးဝမှာ ရွှေသေတ္တာများ ထားပြီး တိုင်းပြည်မှာ ဖြစ်နေတဲ့ အကြောင်းအရာများကို စာလွှာများ ထည့်စေသည်။

ယခုကာလ စကားနဲ့ ပြောရရင်တော့ 'လူထုအော်သံ' လို သဘောမျိုး ဖြစ်သည်။ ထိုရွှေသေတ္တာကို ဘုရင်ရှေ့တော်မှောက်မှာ ဖွင့်ပြီး ဘုရင်ကိုယ်တိုင် ကြည့်တော်မူသည်။

ထိုရွှေသေတ္တာစနစ်ကြောင့်ပင် နိုင်ငံ၏အခြေအနေမှန်ကို သိတန်သရွေ့ သိရလေသည်။

ထိုစာများထဲမှာ ရနောင်မောင်မောင်တုတ် ရမ်းကားမှုများ အကြောင်းက အများဆုံး ပါလေသည်။ မိမိတို့၏သမီးပျိုများကို မတရား သိမ်းပိုက်ကာ ဖျက်ဆီးခံသော မိဘများ၏တိုင်ကြားစာများက အများအပြား ပါလေသည်။

သို့ကြောင့် သက္ကရာဇ်(၁၂၄၄)ခုနှစ်တွင် ရနောင်မောင် မောင်တုတ်နှင့် အပေါင်းပါများကို ဖမ်းဆီးစေပြီး အကျဉ်းချထားခဲ့ လေသည်။

ရနောင်မောင်မောင်တုတ်ကို ဘုရင်က သူ့လက်နဲ့ မသတ်ပါဘူးဟု ကတိရှိထားလေတော့ အကျဉ်းတိုက်ထဲမှာ ထားစဉ် ရန်ငြိုး ရှိခဲ့ဖူးတဲ့ ဓါးကြပ်ဝန်က အစေအပါးတစ်ယောက်ကို အသတ်ခိုင်းခဲ့ ရာ ကတ်ကြေးပျက်နဲ့ လည်မျိုကို ထိုးသတ်၍ သေတော့သည်။

ဘုရင်ကိုတော့ သူ့ဖာသာ စိတ်ဆင်းရဲပြီး အဆုံးစီရင်တာပါ





ဟု သံတော်ဦး တင်လေသည်။

ရနောင်မောင်မောင်တုတ် သေပြီးနောက် ၎င်းအားကိုးနှင့် ဆိုးသွမ်းခဲ့ကြသူများမှာ တစ်နယ်တစ်ကျေးသို့ ထွက်ပြေးကြရာ မောင်မောင်တုတ်၏ညီတစ်ဝမ်းကွဲတော်သူ မောင်မောင်အုပ်ဆိုသူ လည်း ပါလေသည်။

မောင်မောင်အုပ်သည် ထွက်ပြေးရင်းနှင့် မတ္တရာနယ်ဘက် ရောက်ခဲ့လေသည်။

မတ္တရာနယ်ဘက် ရောက်တော့လည်း မြို့ပေါ်မှာ ပေါ်ပေါ် ထင်ထင် မနေဝံ့သောကြောင့် တောနယ်ဘက်သို့ တိမ်းရှောင်လာ ရင်းမှ ရွှေတောင်ငွေတောင်အနီး၌ ရှိသော တောရကျောင်းတစ် ကျောင်းသို့ ရောက်လာတော့သည်။

ထိုတောရကျောင်းမှာ 'စတုဘုမ္မိက' ကျောင်းဖြစ်ပြီး ထို အချိန်က ကျောင်းထိုင်ဆရာတော်မှာ ဦးဝိမလ ဖြစ်သည်။

ဆရာတော် ဦးဝိမလမှာ အသက်လေးဆယ်ကျော်အရွယ် သာ ရှိသေးပြီး အဂ္ဂိရတ် ထိုးသောအလုပ်ကို လုပ်ကိုင်ရာ ပေါက် မြောက်မှု ရှိနေသူလည်း ဖြစ်သည်။

မောင်မောင်အုပ်သည် ကျောင်းသို့ ရောက်သောအခါ ကျိုးအကြောင်း ပြောဆိုလျှောက်ထားပြီး ရုပ်ဖျက်ကာ ကပ္ပိယ သွင်ဖြင့် နေထိုင်လေသည်။

ဆရာတော် အဂ္ဂိရတ်ထိုးသောနေရာမှာ တောင်ခြေနား၌ ယီထိုးထားသော ဝါးကျောင်းကလေး၌ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်က ကျောင်းမှာ ဝေယျာဝစ္စကိစ္စများ ပြီး၍ ထိုဝါး ကျောင်းလေးသို့ အဂ္ဂိရတ်ထိုးရန် သွားတိုင်း မောင်မောင်အုပ်ကို အဖော်ခေါ် သွားလေ့ရှိသည်။

ထိုနေရာသို့ရောက်လျှင် ဝေယျာဝစ္စ လုပ်ကိုင်ပေးရလေသည်။

ဆရာတော် တရားထိုင်သောအချိန်တွင် မောင်မောင်အုပ်အား ပုတီးတစ်ကုံး ပေးထားပြီး သင့်တော်သောနေရာသို့ သွားကာ ပုတီးစိပ်စေသည်။

မောင်မောင်အုပ်လည်း တောကျောင်းကလေးသို့ ရောက်သည်နှင့် တံမြက်လှည်းခြင်း၊ ရေချမ်းဖြည့်ခြင်း၊ ဘုရားပန်းလဲခြင်းများ ပြုလုပ်ပြီး ဆရာတော် ဖိုထိုးလျှင် ဝိုင်းကူပေးရပြီး ဖိုထိုးရန် ကိစ္စမရှိပါက ကျောက်ကမ်းပါးယံကြီး တစ်နေရာ၌ ထိုင်ကာ ပုတီးစိပ်လေ့ရှိသည်။

ပထမ စိပ်ကာစကတော့ အနှောင့်အယှက် များသောကြောင့် ကောင်းစွာမစိပ်ရပေ။

ဆရာတော်ကို အကျိုးအကြောင်း ပြောပြသောအခါ ဆရာတော်က. . .

“ပုတီးစိပ်ကာနီးရင် ပတ်ဝန်းကျင်မှာ ရှိတဲ့ မြင်အပ်၊ မမြင်အပ်တဲ့ပုဂ္ဂိုလ်တွေကို မေတ္တာပို့ အမျှအတမ်း ပေးဝေပြီးမှ စိပ်ရင် အနှောင့်အယှက်တွေ ကင်းသွားလိမ့်မယ်”

ဟု မိန့်ကြားသဖြင့် ထိုအတိုင်း ပြုလုပ်ရာ နောက်ပိုင်းတွင် အနှောင့်အယှက်များ ကင်းသွားလေတော့သည်။





နောက်ပိုင်းမှာတော့ မောင်မောင်အုပ်တစ်ယောက် ထိုကျောက်နံရံကြီး ရှိရာသို့သာ အမြဲသွားနေလေရာ ဆရာတော်က စိတ်ထဲမှ မသင်္ကာသဖြင့် တစေ့တစောင်း လိုက်ကြည့်ရာ ထူးခြားသောမြင်ကွင်းတစ်ခုကို တွေ့မြင်ရလေသည်။

မောင်မောင်အုပ်ကတော့ ခါတိုင်းလို ပုတီးကလေး ကိုင်ကာ ကျောက်နံရံကြီးအနီးသို့ သွားလေရာ အနီးရောက်သောအခါ ကျောက်နံရံအတွင်းမှ လှပချောမောသော မိန်းမပျိုတစ်ယောက် ထွက်လာလေသည်။

မိန်းကလေးမှာ လှပချောမောလှပြီး အဝတ်အစားနှင့် လှုပ်ရှားတော်ရတနာတို့မှာ ရှေးခေတ်နန်းတွင်းသုံး အဝတ်အစား အသုံးအဆောင်များကို ဝတ်ဆင်ထားလေသည်။

ထိုမိန်းကလေး ထွက်လာသည်ကို မြင်သောအခါ မောင်မောင်အုပ်လည်း ပုတီးကို နံဘေးမှာ ချပြီး မိန်းကလေး လက်ကလေးကို ဆုပ်ကိုင်လိုက်လေသည်။

“မောင်ကြီးက နှမလေးကို ချစ်တယ် ချစ်တယ် ပြောပြီး တောကလေး နေနိုင်ပါပေတယ်၊ ဒီက နှမလေးမှာတော့ မောင်ကြီးအလာကို မျှော်ရတာနဲ့ လည်ပင်းကိုးတောင် ရှည်ရတော့မယ်”

ဟု အပြစ်တင်သောလေသံဖြင့် စကားဆိုလေသည်။

“မောင်ကြီးလည်း နှမလေးနဲ့ အမြဲတွေ့နေချင်ပါတယ်၊ ဆရာတော်လည်း နေချင်ပါတယ်၊ ဒါပေမယ့်. . .”



www.burmeseclassic.com

www.burmeseclassic.com



"မောင်ကြီး ကတိပေးထားတာကို မေ့နေပြီလား၊ ညတိုင်း နှမလေး ရှိရာကို အရောက်လာပြီး အတူတူ နေပါ့မယ်ဆိုတဲ့စကား လေ၊ အခုတော့ မေ့သွားပြီလား"

"မမေ့ပါဘူး နှမလေးရယ်၊ မောင်ကြီးဘ၀က ကျောင်းမှာ ကပ္ပိယဘ၀နဲ့ နေရတော့ ဆရာတော်ရဲ့ဝေယျာဝစ္စတွေ လုပ်ပေးနေ ရလို့ စိတ်သွားတိုင်း ကိုယ်မပါ ဖြစ်ရတာပါ၊ ရွှေစိတ်တော်ညိုပြီး အလိုမကျ မဖြစ်ပါနဲ့ကွယ်"

ဟု မိန်းကလေး၏ကိုယ်ကလေးကို ပွေ့ဖက်ကာ ပြောဆို တောင်းပန်နေလေသည်။

"ဒီလိုဖြင့်လည်း ကျောင်းမှာ မနေဘဲ နှမလေးနဲ့ အတူတူ လာနေပါလား မောင်ကြီးရဲ့"

"နေတော့ နေချင်ပါတယ်၊ ဒါပေမယ့် နှမလေးက ဘယ်ဆီ နေမှန်း မသိရတော့ အခက်သားပေါ့"

"ဒီအတွက်တော့ စိတ်မပူပါနဲ့ မောင်ကြီးရယ်၊ တစ်ချိန်တော့ တော့ နှမလေး ဘယ်နေရာမှာ နေတယ်ဆိုတာကို မောင်ကြီးကို အသိပေးပါ့မယ်"

"ကောင်းပါပြီဗျာ"

ထို့နောက်တော့ ချစ်သူတို့ သဘာ၀ ချစ်တင်းနှီးနှောတာ တွတ်ထိုးကျီစယ်နေကြလေသည်။

မောင်မောင်အုပ် အခြေအနေကို သိလိုသဖြင့် နောက်တစ် လိုက်လံကြည့်ရှုသော ဦးဝိမလလည်း ဝါးကျောင်းလေး ရှိရာ





ပြန်လာခဲ့လေသည်။

"ငါကတော့ ပုတီးစိပ်နေတယ်လို့ ထင်တာ၊ သူကတော့ ပရလောကသားတစ်ယောက်နဲ့ တွေ့ပြီး ချစ်ကြိုက်နေတာကိုး၊ ဒီ အတိုင်း ထားရင်တော့ ဒီဒကာ ဒုက္ခရောက်တော့မှာပဲ"

ဟု စိတ်မသက်မသာနှင့် တွေးနေမိလေသည်။

နောက်တစ်နေ့ မောင်မောင်အုပ်နဲ့ တွေ့သောအခါ ထိုအ ကြောင်းကို မေးမြန်းရလေသည်။

"ကပ္ပိယ. . . မင်း ဘယ်ကို သွားနေတာလဲ"

"ဟို. . . ကျောက်ကမ်းပါးယံနားမှာ ပုတီးစိပ်နေတာပါ ဘုရား"

"ပုတီးစိပ်တာပဲကွယ်. . . တစ်ယောက်တည်း စိပ်ရမှာ၊ ဘယ်က မိန်းကလေးတစ်ယောက် ခေါ်စိပ်ရတာတုန်း"

ထိုစကား ကြားသောအခါ မောင်မောင်အုပ်မှာ များစွာ အံ့သြသွားလေသည်။

"အရှင်ဘုရား ဘယ်လိုသိပါသလဲ ဘုရား"

"ငါလည်း ဒီလိုပဲ သိတာပေါ့၊ ဒါ့ထက် ပြောပြစမ်းပါဦး၊ ဘယ်က မိန်းကလေးနဲ့များ ခေါ်တွေ့နေရတာလဲ"

"တပည့်တော်လည်း သူ ဘယ်က လာတယ်ဆိုတာကို မသိ ပါဘူး ဘုရား၊ ကျောက်နံရံကြီးအနောက်က ထွက်လာတာပဲ သိရ ပါတယ်"

မောင်မောင်အုပ်ကလည်း အမှန်အတိုင်းပင် ပြောပြလိုက်



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"တကယ်တော့ မင်းနဲ့ တွေ့တဲ့ သူငယ်မဟာ ပရလောကသားတစ်ယောက် ဖြစ်ဖို့များတယ်၊ ကြာရင် ငါ့တပည့် ဒုက္ခရောက်လိမ့်မယ်"

"တပည့်တော်ကတော့ သူ့ကို လူအစစ်တစ်ယောက်လို့ပဲ ထင်နေမိတာပဲ ဘုရား၊ ဘယ်လိုလုပ်ရင် သင့်ပါမလဲ ဘုရား"

မောင်မောင်အုပ်က မိန်းကလေးကိုလည်း မခွာနိုင်၊ တွေ့ရမှာလည်း ကြောက်ရွံ့ဟန်ဖြင့် ကြံရာမရသော လေသံမျိုးနှင့် မေးလိုက်လေသည်။

"အကောင်းဆုံးကတော့ မင်း သူနဲ့ ဒီတစ်ခါ တွေ့ကြရင် ဘယ်ဘဝမျိုးက လာတယ်၊ ဘယ်နေရာမှာ နေတယ်ဆိုတာကို သိရအောင် မေးပေတော့၊ ဒါမှ ကယ်နိုင်ရင် ကယ်လို့ရပေမယ်"

"တကယ်လို့ သူက ဘဝခြားနေတဲ့ ပရလောကသား တစ်ယောက်ဆိုရင် အတူနီးစပ်ဖို့ လုပ်လို့ရပါသလား ဘုရား"

"ငါ့အနေကတော့ ဒီကိစ္စတွေကို မအပ်စပ်လို့ ဘာမှလုပ်မပေးနိုင်ဘူး၊ ရွာထဲမှာတော့ ငါနဲ့ ဖိုထိုးဖော်ထိုးဖက် ဆရာကြီးတစ်ယောက်ရှိတယ်၊ သူကတော့ ပရလောက အစီအရင်တွေ ကျွမ်းကျင်လေတော့ မင်းတို့ရဲ့ကိစ္စကို အကူအညီပေးနိုင်လောက်တယ်"

"ဝမ်းသာလှပါတယ် ဘုရား"

"ဒီတော့ မင်းက မိန်းကလေးနဲ့ တွေ့တဲ့အခါ ဘယ်အရပ်မှာ နေတယ်၊ ဘယ်လိုဘဝမျိုးလဲဆိုတာ သိအောင် မေးမြန်းခဲ့





တော့"

ဟု မှာကြားကာ တရားထိုင်ရန် ထသွားလေတော့သည်။

မောင်မောင်အုပ်တစ်ယောက်သာ ဝမ်းသာစိတ်၊ စိုးရိမ်စိတ်များဖြင့် ရင်ထဲမှာ ဗလောင်ဆူကာ ကျန်ရစ်ခဲ့လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





အခန်း(၅)

# ကျိန်စာသင့်နေတဲ့ ဗိညာဉ်အကျဉ်းသား

**နောက်**တစ်ကြိမ်တွင် မောင်မောင်အုပ် တစ်ယောက် ကျောက်နံရံကြီးအနီးသို့ ရောက်သွားသောအချိန်တွင် ၎င်း၏ချစ်သူ မိန်းကလေးက တော်တော်နှင့် ရောက်မလာသဖြင့် စိတ်ပူရပြန်သည်။ အချိန်အတော်ကြီး ကြာမှ မိန်းကလေးမှာ မျက်နှာမသာမယာဖြင့် ရောက်လာလေသည်။

"နှမလေး မျက်နှာလည်း သိပ်မကောင်းပါလား နေထိုင်



www.burmeseclassic.com

www.burmeseclassic.com



မကောင်းမှုများ ဖြစ်နေရော့သလားကွယ်"

"မဟုတ်ပါဘူး မောင်ကြီးရယ်"

"ဒါဖြင့် မောင်ကြီး အလာနောက်ကျနေလို့ စိတ်အလိုမကျ ဖြစ်နေပြန်တာ မဟုတ်လား"

"မဟုတ်ပါဘူး မောင်ကြီးရယ်"

"ဒါဖြင့်လည်း ဘာကြောင့်များ မျက်နှာမသာမယာ ဖြစ်နေရတယ်ဆိုတာ တဆိတ်လောက် အကျိုးအကြောင်း ပြောပြပါဦး"

ဟု လက်ကလေးကို ကိုင်ကာ ဖွတ်အတင်းမေးတော့မှ . . .

"နှမလေး မပြောခင် မောင်ကြီးက နှမလေးကို မေးချင်တာတွေ ရှိနေတယ် မဟုတ်လား. . . မေးလေ"

ဟု ပြောရာ မောင်မောင်အုပ်မှာ များစွာအံ့သြသွားလေသည်။

"ဟင်. . . နှမလေးက ဘယ်လိုများ သိနေတာလဲ"

"နှမလေးလည်း သိနိုင်တဲ့အကြောင်းတွေ ရှိပါတယ်၊ မောင်ကြီး မေးချင်တာသာ မေးပါ"

ဟု ခွင့်ပေးလေရာ မောင်မောင်အုပ်မှာ စိတ်မသက်မသာနှင့် သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"တခြားတော့ မဟုတ်ပါဘူး၊ မောင်ကြီးနဲ့ နှမလေး ချစ်သူတွေဘဝ ရောက်ခဲ့ကြတာ အတော်ကြာပြီ ဖြစ်ပေမယ့် နှမလေးရဲ့နာမည်၊ မျိုးရိုးဇာတိနဲ့ ဘယ်အရပ်မှာ ဘယ်လိုနေတယ် ဆိုတာကို မေးချင်တာပါ"





ဟု ပြောလိုက်သည်။

ထိုစကားကြားသောအခါ မိန်းကလေး၏မျက်နှာမှာ ပြိုတော့မည့်မိုးအလား မည်းညိုလာတော့သည်။

"နှမလေးရဲ့အဖြစ်က ဆန်းကြယ်လွန်းလို့ ပြောရင်လည်း မောင်ကြီးအနေနဲ့ ယုံကြည်နိုင်မယ် မထင်ပါဘူး"

"နှမလေး ပြောရင် မောင်ကြီးက ဘာကြောင့် မယုံရမှာလဲ၊ ပြောသာပြောပါကွယ်"

"မောင်ကြီးအနေနဲ့ ဒီလောက်ကြားချင်ရင်လည်း နှမလေး ပြောပြပါ့မယ်၊ တကယ်တော့ နှမလေးဟာ မောင်ကြီး ထင်သလို ဇရလောကသားတစ်ယောက် မဟုတ်ပါဘူး၊ ကျိန်စာသင့်နေတဲ့ သူတစ်ယောက်ပါ"

"ဟင်. . . ကျိန်စာသင့်နေတယ် ဟုတ်လား"

"ဟုတ်ပါတယ်. . . နှမလေးရဲ့အမည်က သီရိမယ်လို့ ခေါ်ပါတယ်၊ ဇာတိက အင်းဝရွှေမြို့သူပါ၊ ဒီနေရာကို ရောက်နေရတာ နှစ်ပေါင်း(၃၅၈)ကျော်ပါပြီ မောင်ကြီးရယ်"

ဟု သနားစဖွယ် ပြောပြလေသည်။

"နှစ်ပေါင်း(သုံးရာ့သုံးဆယ်)ကျော်ပြီဆိုတော့ နှစ်ပေါင်းနည်းတော့ပါလား၊ ဒီလောက်ကြာတဲ့သက်တမ်းမှာ နှမလေးက ဘယ်ပုံဘယ်နည်း အသက်ရှင်နေရတာလဲဟင်"

"နှမလေးက ဝဋ်ကြွေးကံ မကုန်မချင်း ကျိန်စာသင့်နေရတဲ့ သူပါ၊ ဒီကျိန်စာ မပြယ်မချင်း ဒီဘဝနဲ့ပဲ နေသွားရမှာပါ၊ တကယ်



www.burmeseclassic.com

www.burmeseclassic.com



တော့ နှမလေးဟာ ဉစ္စာစောင့်လည်း မဟုတ်ပါဘူး၊ တစ္ဆေသရဲ နာနာဘာဝလည်း မဟုတ်ပါဘူး၊ ဖန်ဆင်းနိုင်တဲ့ သိဒ္ဓိရှိတဲ့လူတစ်ယောက်လည်း မဟုတ်ပါဘူး၊ ကျိန်စာသင့်နေတဲ့သူပါ”

ထိုစကား ကြားသောအခါ မောင်မောင်အုပ်မှာ သီရိမယ်ဆိုသောမိန်းကလေးအပေါ် သနားကရုဏာ ပိုမိုဝင်သွားလေသည်။

လက်ကလေးကို ဆွဲယူပြီး သူမကိုယ်ကလေးကို ထွေးဖက်လိုက်သည်။ နူးညံ့နွေးထွေးသော အတွေ့အထိက လူသားတစ်ယောက်အသွင် ဘာမှပြောင်းလဲမှု ထူးခြားမှု မရှိပေ။

“ဒါဖြင့် နှမလေးက ဘယ်နေရာမှာ နေရတာလဲဟင်”

“ဒီကျောက်တောင်ကြီးအတွင်းမှာ နေရပါတယ်၊ စိတ်ကအပြင်ထွက်ချင်ရင် အပြင်ကို ရောက်လာပြီး ပြန်ဝင်တဲ့အခါကျတော့လည်း စိတ်ထဲက ညွှတ်လိုက်တာနဲ့ အတွင်းကို ပြန်ရောက်သွားတာပါပဲ၊ တစ်ခုကတော့ ဒီကျောက်နံရံကြီးအနီးတဝိုက်ကနေ ဘယ်ကိုမှ ထွက်သွားလို့ မရနိုင်တာပါပဲ”

“ဘယ်လိုဝဋ်ကြွေးကြောင့်များ အခုလို ဒုက္ခတွင်း ရောက်နေရတာလဲ နှမလေးရယ်”

မောင်မောင်အုပ်က စိတ်မကောင်းစွာ ရေရွတ်လိုက်သည်။

“နှမလေးကို ယုတ်မာရက်စက်တဲ့ ရန်သူတစ်ဦးက သူတတ်တဲ့ပညာနဲ့ ဒီကျောက်နံရံကြီးအတွင်းမှာ ကျိန်စာတိုက်ပြီး ထည့်ထားခဲ့တာပါ၊ ဒီအကြောင်းတွေကို နှမလေး အကြောင်းစုံ ကုန်စင်အောင် ပြောပြပါ့မယ် မောင်ကြီးရယ်”





ဟု အစချီကာ အောက်ပါအဖြစ်အပျက်များကို ပြောပြလေတော့သည်။

သက္ကရာဇ်(၈၈၈)ခုနှစ်တွင် ရတနာပူရ အင်းဝနေပြည်တော်ကို ‘သိုဟန်ဘွား’ ဦးဆောင်သော ရှမ်းစော်ဘွားတပ်တို့ တိုက်ခိုက်သိမ်းပိုက်ခဲ့လေသည်။

သိုဟန်ဘွားနှင့် အပေါင်းပါတို့သည် အင်းဝနေပြည်တော်ကို ရသောအခါ ကျောင်းကန်ဘုရားတို့ကို ဖျက်ဆီးကာ ရဟန်းသံဃာတော်တို့ကိုပင် ရက်ရက်စက်စက် သတ်ဖြတ်လေသည်။

BURMESE CLASSIC

ရှမ်းဘုရင်၏လက်သုံးတော်တစ်ဦးမှာ ‘စောဖဟုံ’ ဖြစ်ပြီး လျှို့ဝှက်ဆန်းကြယ်သော အစီအရင်များ ပြုစားတတ်သည့် ပညာအမျိုးမျိုးကို တတ်ကျွမ်းသူ ဖြစ်လေသည်။

သီရိမယ်မှာ အင်းဝရွှေမြို့သူတစ်ဦးဖြစ်ပြီး မိဘများကပြည့်စုံကြွယ်ဝကြလေသည်။

စောဖဟုံက သီရိမယ်ကို မြင်တွေ့သောအခါ နှစ်သက်သဘောကျသဖြင့် နည်းအမျိုးမျိုးနှင့် ရရှိအောင် ကြံဆောင်လေသည်။ သီရိမယ်ကလည်း အမျိုးဘာသာ သာသနာကို ဖျက်ဆီးသော လူရမ်းကားများပေမို့ တစ်စက်ကလေးမှ နှစ်သက်မှု မရှိပေ။

မိဘများကလည်း နီးရာဓါး ကြောက်နေရချိန်မို့ ပြတ်ပြတ်သားသား မငြင်းဝံ့တော့ပဲ နေ့ရွှေ့ညရွှေ့ဖြင့် အချိန်ဆွဲနေကြရလေသည်။ ရှမ်းဆိုးစစ်သားများသည် အင်းဝနေပြည်တော်ကို တိုက်ခိုက်သိမ်းပိုက်ပြီးသောအချိန်တွင် မြန်မာအမျိုးသမီးများကို မတရား



www.burmeseclassic.com

www.burmeseclassic.com



သိမ်းယူကာ ဖနီးမယား ပြုကြလေသည်။

သို့သော်လည်း စောဖဟုံက သီရိမယ်ကို အဘယ်ကြောင့် မတရား သိမ်းယူခြင်း မပြုသည့်အကြောင်းမှာ အလိုမတူဘဲ ပေါင်းသင်းပါက ၎င်းတတ်ကျွမ်းသောပညာများ ပျောက်ပျက်သွားပါစေဟု သစ္စာဆိုထားသောကြောင့် ဖြစ်ပေသည်။

နောက်ဆုံးတော့ နောက်ပိုင်းတွင် မင်းကြီးရန်နောင်အမည်ဖြင့် မင်းပြုမည့် ဗိုလ်မှူးရန်နောင်က မနော်ရမ္မာ ဉယျာဉ်တော်အတွင်းဝယ် ရှမ်းဘုရင် သိုဟန်ဘွားကို ယိမ်းနွဲ့ပါး ဓါးဖြင့် ခုတ်ပိုင်းသတ်ဖြတ်လိုက်လေတော့သည်။

ရှမ်းမင်းဆိုး သိုဟန်ဘွား သေဆုံးသွားသောအချိန်တွင် အင်းဝနေပြည်တော်မှာ မြန်မာများလက်သို့ ပြန်လည်ရောက်ရှိခဲ့လေသည်။

နောက်တော့ မြန်မာစစ်သားများက သိုဟန်ဘွားရဲ့နောက်လိုက်နောက်ပါတွေကို တိုက်ခိုက်သုတ်သင်ကြရာ အကြွင်းအကျန်များမှာ ဘေးလွတ်ရာသို့ ထွက်ပြေးကြရလေသည်။

ထိုအချိန်မှာ စောဖဟုံဟာ သီရိမယ်တို့ နေအိမ်ကို အတင်းဝင်ရောက်ပြီး သီရိမယ်ကို ဆင်ပေါ် တင်ကာ မာလဲတောင် ရှိရာသို့ ပြေးလေတော့သည်။

၎င်းတို့သည် မာလဲတောင်ရှိ ကျောက်လိုဏ်ဂူထဲမှာ စခန်းချ ပုန်းအောင်းနေကြရင်း စောဖဟုံက သီရိမယ်အား ၎င်းကို မေတ္တာတုံ့ပြန်ရန် အတန်တန် ပြောဆိုသော်လည်း သီရိမယ်ကလည်း မိမိ





မချစ်မနှစ်သက်သူနှင့် မပေါင်းလိုသောကြောင့် အသက်ကို အပြင်သို့ပြီး မေတ္တာမမျှဘဲ ရှိလေသည်။

စောဖဟုံတို့တသိုက်ဟာ ထိုကျောက်ဂူအတွင်းမှာ ပုန်းအောင်းနေကြရင်း ရှစ်လလောက် ကြာသည့်အချိန်အထိ စောဖဟုံက နည်းအမျိုးမျိုးနှင့် ကြိုးစားသော်လည်း သီရိမယ်က မေတ္တာမမှုသည့်အဆုံး တစ်သက်လုံး လူလုံးမလှအောင် ၎င်း၏အတတ်ပညာများဖြင့် စီရင်လေတော့သည်။

၎င်းအစီအရင်မှာ သီရိမယ်ကို တင်ခိုးလာသော ဆင်ကြီး၏ကျောကုန်းပေါ်တွင် မှန်စီခေါင်းတလားကြီးတစ်လုံးကို တင်လေသည်။

BURMESE CLASSIC

ထိုခေါင်းတလားကြီးမှာ မှန်စီရွှေချထားပြီး ခေါင်း၏အတွင်းပိုင်းမှာလဲ ဦး စီမံထားသော အက္ခရာ၊ စမ စသည်တို့ ရေးသားထားသည်။

ထိုခေါင်းကြီးအတွင်းသို့ သီရိမယ်ကို ထည့်ကာ မလှုပ်နိုင်အောင် လက်နှင့်ခြေထောက်ကို စီမံထားသော သံခြေကျင်းကြီးများဖြင့် ခတ်လိုက်သည်။

ထို့နောက်. . .

"နင့်ရဲ့ဝိညာဉ်ကို ငါပိတ်လှောင်ထားခဲ့တော့မယ်၊ ငါ့အချစ်ကို လက်မခံတဲ့မိန်းမ၊ ဘယ်သူနဲ့မှုလည်း မတွေ့စေရဘူး" ကမ္ဘာတည်သရွေ့ ဒီခေါင်းတလားအတွင်းမှာပဲ နင်နေရမယ်၊ ကမ္ဘာတည်သရွေ့ ဒီကျောက်ဂူထဲမှာပဲ နင်နေရမယ်၊ ဒီအနှောင်အဖွဲ့တွေကို



www.burmeseclassic.com

www.burmeseclassic.com



သိမ်းယူချင်း နင့်ရဲ့ဝိညာဉ်ဟာ ဒီနေရာမှာပဲ နေရတော့မယ်၊ နင်ငါ့ရဲ့ကျိန်စာသင့်နေတဲ့ ဝိညာဉ်အကျဉ်းသား ဖြစ်ပြီး ကျိန်စာမပြေငြိမ်းမချင်း ကျိန်စာ မင်သင့်နေတဲ့ ဝိညာဉ်အကျဉ်းသား ဖြစ်ချေပြီ"

ဟု ကျိန်စာဆိုကာ ခေါင်းတလား အဖုံးကြီးကို အသေပိတ်လိုက်လေတော့သည်။

ထို့နောက် ဆင်ကြီးကိုလည်း ထိုနေရာက တစ်လက်မမှ မရွေ့အောင် စီမံပြီး စစ်သားခြောက်ယောက်ကို သတ်ပြီး အစောင့်အဖြစ် စီမံထားခဲ့လေသည်။

၎င်းနောက် ကျောက်ဂူနံရံကြီးကိုပါ အပြင်က ပိတ်ခဲ့ပြီး စောဖဟုံတို့လည်း ထိုနေရာကို စွန့်ခွာသွားခဲ့ကြလေတော့သည်။

ခေါင်းတလားကြီးအတွင်းမှာ ကျန်ရစ်ခဲ့သော သီရိမယ်မှာ မွန်းလည်းမွန်း၊ ကြောက်လည်းကြောက်နှင့် နောက်ဆုံး သတိလစ်သွားလေတော့သည်။

ထိုသို့ သတိလစ်သွားသောအချိန်တွင် ကိုယ်ပွားဝိညာဉ်တစ်ခုသည် အပြင်သို့ ထွက်လာနိုင်သည်။

သူ့မျက်စိထဲမှာ မှန်စီခေါင်းတလားကြီးထဲမှာ ရှိနေသော သူ၏ကိုယ်တစ်ခုကိုလည်း မြင်နေရသည်။

သီရိမယ်သည် ထိုနေရာမှ ထွက်ပြေးရန် ကြိုးစားသောအခါ ဆင်ကြီးနှင့် အစောင့်စစ်သား ခြောက်ယောက်က ဖမ်းဆီးကာ မှန်စီခေါင်းအတွင်းသို့ ဇွတ်အတင်း ပြန်ထည့်ကြလေသည်။

ဤသို့ဖြင့် နှစ်ပေါင်းများစွာ ကြာအောင် ခေါင်းထဲမှ အပြင်





ထွက်ခွင့် မရဘဲ နောက်တော့မှ မှန်စီခေါင်းအတွင်းမှ အပြင်သို့ ထွက်ခွင့်ရသည်။

ယခုအခါမှာတော့ ကျောက်ဂူနံရံ အပြင်ဘက်အထိ ထွက်ခွင့်ရသော်လည်း ထိုနေရာမှ ကျော်၍တော့ သွား၍မရပေ။

အကယ်၍ နည်းနည်းလေး ကျော်သွားမိပါက ဂူအတွင်းမှ ဆင်ကြီးနှင့် စစ်သားခြောက်ယောက်က လိုက်လာပြီး အတင်းအဓမ္မ ဖမ်းခေါ်သွားလေ့ရှိသည်။

သူ၏ကိုယ်ပွားဝိညာဉ်ကတော့ ပကတိ လူအသွင်နှင့် ကျောက်ဂူနံရံအပြင်ဘက်သို့ ထွက်လိုက အပြင်ရောက်လာပြီး ပြန်ဝင်လိုကလည်း ချက်ချင်းဆိုသလို အတွင်းသို့ ပြန်ရောက်သွားလေသည်။

ရုပ်ဆင်းသဏ္ဌာန်နှင့် အရွယ်မှာလည်း ယခင်က အတိုင်းပင် ရှိသည်။

အထက်ပါအကြောင်းများမှာ သီရိမယ်က မောင်မောင်အုပ်ကို ပြန်ပြောပြသောအကြောင်းများပင် ဖြစ်သည်။

"နှမလေးအကြောင်း ကြားရတာ ရင်နာစရာ ကောင်းလိုက်တာကွယ်၊ လူ့ဘဝမှာတင် ဒုက္ခကြုံခဲ့ရတာ မဟုတ်ဘူး၊ ဝိညာဉ်ဘဝရောက်နေတာတောင် နှစ်ပေါင်းများစွာ ဒီဒုက္ခတွေကို ကြုံနေရသေးတာကိုး၊ ဒီအတွက် မပူပါနဲ့၊ မောင်ကြီး အကူအညီပေးပါ့မယ်၊ ဘယ်လို အကူအညီပေးရမယ်ဆိုတာသာ နည်းလမ်းပြောပြပါ"

"မောင်ကြီးစကား ကြားရတာ နှမလေးဖြင့် ဝမ်းသာလို့



www.burmeseclassic.com

www.burmeseclassic.com



မဆုံးပါဘူး၊ သို့သော်လည်း ကျောက်ဂူအတွင်းကို မောင်ကြီးတစ်ယောက်ထဲတော့ ဝင်လို့မရဘူး"

"ဘယ်လိုကြောင့်လဲကွယ့်"

"ကျောက်ဂူအတွင်း စောဖဟုံ ထားခဲ့တဲ့ အစောင့်တွေက အခုချိန်ထိ ရှိနေကြသေးတယ်"

"ဟင်. . . သူတို့က နှစ်ပေါင်းသုံးရာကျော်တာတောင် ရှိနေကြတုန်းပဲလား"

"လူတွေကတော့ သေပြီး အရိုးကျသွားပြီပေါ့၊ ဒါပေမယ့် အစောင့်ဘဝနဲ့ အခုအချိန်ထိ ရှိနေကြသေးတယ်၊ ဒါပေမယ့် သရဲသဘက်တွေဘဝ ရောက်နေကြပြီ"

"နှမလေးဘဝက သရဲသဘက်တွေရဲ့ကြားထဲမှာ နေရတာ သနားစရာကောင်းလိုက်တာကွယ်"

"ဒါကြောင့် မောင်ကြီးကို တစ်ယောက်ထဲ ဝင်လို့မရဘူးလို့ မှာရတာပေါ့၊ တကယ်လို့ ဂူထဲကို ဝင်မယ်ဆိုရင် ဒီမိစ္ဆာဝိညာဉ်တွေကို နိုင်နင်းတဲ့ ဆရာတစ်ယောက်တော့ ပါမှဖြစ်မယ် မောင်ကြီး"

"ဒီအတွက်တော့ စိတ်မပူပါနဲ့ကွယ်၊ မောင်ကြီး ဆရာတော်နဲ့ တိုင်ပင်ပြီးတော့ သင့်သလို စီမံခဲ့ပါ့မယ်၊ နှမလေးကိုလည်း ဒီဒုက္ခတွင်းက မဖြစ်ဖြစ်အောင် ကယ်တင်ပေးပါ့မယ်ကွယ်"

"ဝမ်းသာလိုက်တာ မောင်ကြီးရယ်. . . ဝမ်းသာလိုက်တာ"

ဟု ပြောဆိုကာ မောင်မောင်အုပ်အား တအားဖက်တွယ်ထားလေတော့သည်။





မောင်မောင်အုပ်မှာလည်း သီရိမယ် ကိုယ်ကလေးကို ပြန်လည်ဖက်တွယ်ထားကာ တစ်စုံတစ်ခုကို ပြန်လည်သတိရသွားလေသည်။

"ဒါထက် နှမလေးကို မောင်ကြီး ကယ်တင်ပေးလိုက်တာတော့ ဟုတ်ပါပြီ၊ နှမလေးက ဒီဘဝက လွတ်သွားရင် မောင်ကြီးနဲ့ အခုလို ဘယ်တွေ့ရတော့မှာလဲဟင်"

ထိုစကား ကြားသောအခါ သီရိမယ် သဘောကျစွာ ပြုံးရင်း. . .

"ဒါများ မောင်ကြီးရယ်၊ စိတ်ပူစရာ မရှိပါဘူး၊ နှမလေးတကျိန်စာအကျဉ်းသားဘဝက လွတ်မြောက်သွားရင် အခုလိုဘဝနဲ့ မောင်ကြီးနဲ့ တစ်သက်လုံး အတူတူ နေသွားလို့ ရမှာပါ၊ ဘယ်လောက် ပျော်စရာကောင်းသလဲဟင်"

"တ. . တကယ် ပြောတာလားဟင်"

"တကယ်ပေါ့ မောင်ကြီးရယ်၊ နှမလေးက ကိုယ်ချစ်တဲ့သူကို ညာရက်ပါ့မလား"


ဟု ပြောလေရာ မောင်မောင်အုပ်မှာ သီရိမယ် ပြောသမျှကို ယုံကြည်ပြီးနောက် အပျော်ကြီးပျော်ကာ ချစ်သူ၏ကိုယ်ကလေးကို ထွေးဖက်ထားလိုက်လေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com





အခန်း(၆)

# မှန်စီခေါင်းတလားနှင့် ကံဆိုးသူ

ပေါင်မောင်အုပ်လည်း ဝါးကျောင်းလေးသို့ ပြန်ရောက်သောအခါ သိသမျှအကြောင်းများကို ဆရာတော် ဦးဝိမလကို ပြန်ပြောပြလိုက်လေသည်။

ထိုစကား ကြားသောအခါ ဆရာတော်က. . .

"အင်း. . . ဘဝအကျိုးပေးကံမကောင်းခဲ့လို့ အခုလို အဖြစ်ဆိုးနဲ့ ကြုံနေရတာပဲ၊ ကယ်မယ့်သူ မရှိရင် သူ့ဘဝက ဒီလိုပဲ ဆင်



www.burmeseclassic.com

www.burmeseclassic.com



နေသွားရလိမ့်မယ်”

ဟု မိန့်ကြားလေသည်။

“ဒါဖြင့် ဘယ်လိုလုပ်ရမလဲဘုရား”

“သူ့ကို ဒီဒုက္ခဝဋ်ကြွေးက လွတ်အောင် ကယ်တင်ပေးလိုက်ပါကွယ်”

“ဘယ်လို ကယ်ရမလဲ ဘုရား”

“ရွာထဲမှာ ဆေးဆရာကြီး ဦးပညာဒီပ ဆိုတာ ရှိတယ်၊ သူ့ဆီ သွားပြီး အကျိုးအကြောင်း ပြောပြလိုက်ရင် သူက အကူအညီပေးလိမ့်မယ်”

ဟု လမ်းညွှန်ပေးသဖြင့် မောင်မောင်အုပ်လည်း ရွာထဲ၌နေထိုင်သော ဆရာကြီး ပညာဒီပ ရှိရာသို့ သွားလေသည်။

ဆရာကြီးဆီ ရောက်၍ အကျိုးအကြောင်း ပြောပြလိုက်သောအခါ ဆရာကြီးကလည်း လိုက်ပါ အကူအညီပေးရန် သဘောတူလေသည်။

“ဆရာတော် ခိုင်းတော့လည်း လုပ်ပေးရမှာပေါ့၊ ငါလည်း အဲဒီနေရာကို လိုက်ရှာချင်နေတာနဲ့ အတော်ဖြစ်သွားတာပေါ့”

“ဟင်. . . ဒါဖြင့် ဆရာကြီးက အရင်ကတည်းက ဒီအကြောင်းကို သိနေတာပေါ့နော်”

“သိတန်သလောက်တော့ သိတယ် ဆိုရမှာပေါ့၊ အဲဒီမှန်စီခေါင်းတလားကြီးကို ရရင် ရှေးက လူတွေ ဘယ်လိုစီစဉ်ခဲ့တယ်ဆိုတာ လေ့လာလို့ရတာပေါ့”





ဟု ပြောကာ လိုအပ်သော ဆေးပစ္စည်းများကို ယူဆောင်ကာ မောင်မောင်အုပ်နှင့် လိုက်လာခဲ့လေသည်။

ကျောင်းသို့ ရောက်သောအခါ ဆရာတော်က အစစအရာရာ သတိဝီရိယထား၍ သွားကြရန် မှာကြားလေသည်။

“မောင်မောင်အုပ် အရေးကြုံရင် ဘုရားတရားကို မမေ့နဲ့ကွယ့်”

“တင်ပါ့ဘုရား”

ထို့နောက် တူရွင်းပေါက်ပြား လက်နက်ကိရိယာများ ထမ်း၍ ကျောက်နံရံကြီး ရှိရာသို့ ထွက်ခဲ့ကြလေသည်။

ဆရာကြီး ပညာဒီပမှာ အသက်အရွယ် ကြီးနေပြီ ဖြစ်သော်လည်း ကျန်းမာသန်စွမ်းနေဆဲပင် ရှိသေး၏။

တောင်နံရံသို့ရောက်သောအခါ ဝင်ပေါက်ရှာမတွေ့သဖြင့် နံရံကို တူးရွင်းဖြင့် လိုက်ခေါက်ကြည့်ရာ တစ်နေရာရောက်သောအခါ လိုဏ်ခေါင်းသံကဲ့သို့ အသံတစ်မျိုး ကြားရသည်။

“ဒီနေရာမှာ လိုဏ်ခေါင်းသံ ကြားရတယ်၊ တူးကြည့်ကြတာပေါ့”

ဟု ပြောဆိုကာ ကျောက်နံရံကြီးကို တူးဆွကြည့်ကြရာ အတန်ကြာတော့ ဂူပေါက်ဝကို ကျောက်တုံးကြီးတစ်တုံးဖြင့် ပိတ်ထားသည်ကို တွေ့ရသဖြင့် ထိုကျောက်တုံးကြီးကို ခက်ခက်ခဲခဲ ဖယ်ရှားလိုက်သောအခါ ဂူပေါက်ဝတစ်ခု ပေါ်လာလေသည်။

“ဂူပေါက်ဝတော့ တွေ့ရပြီ”



www.burmeseclassic.com

www.burmeseclassic.com



အတွင်းဘက် လှမ်းကြည့်တော့ တောင်ခေါင်းကြီး တစ်လျှောက် အလင်းရောင် မရှိဘဲ မှောင်မည်းလျက် ရှိနေသည်ကို လှမ်းမြင်ရသည်။

တောင်ခေါင်းကြီးမှာ အလင်းရောင် မရှိသော်လည်း အတော်ကျယ်ဝန်းလှသည်။

မောင်မောင်အုပ်တို့လည်း အတွင်းဝင်ရန် မီးတုတ်မီးစည်းများ ပြုလုပ်ကာ ထိုနေရာသို့ ပြန်လာတော့သည်။

မီးတိုင်ကို ထွန်း၍ ကြည့်လိုက်တော့ အတွင်းဘက်သို့ မဝင်ရဘဲ တစ်စုံတစ်ခုက ပိတ်ဆို့နေပြန်လေသည်။

ဂူပေါက်ဝ တစ်ခုလုံးကို ကြီးမားသော ပင့်ကူအိမ်ကြီးတစ်ခုက ပိတ်ဆီးနေပြီး ပင့်ကူကြီးတစ်ကောင်လည်း ရှိနေလေသည်။

ပင့်ကူကြီး၏မျက်လုံးမှာ ရဲရဲနီလျက် ရှိလေသည်။ လူတစ်ယောက် မဆိုထားနှင့်၊ တော်ရုံသတ္တဝါတစ်ကောင်ကိုပင် ပင့်ကူမျှင်ဖြင့် လုံးထွေးကာ ကိုက်ဖြတ် စားသောက်နိုင်လောက်သည့် အရွယ်အစား ပမာဏ ရှိလေသည်။

"ဘယ်လိုလုပ်မလဲ အဘ"

"ဒါ သာမန် အတားအဆီး မဟုတ်ဘူး၊ ပင့်ကူအိမ်အောက်က မီးနဲ့သာ ပုံတိုက်လိုက်ပေတော့"

ဟု ပြောသဖြင့် မောင်မောင်အုပ်က မီးတုတ်တစ်ချောင်းယူ၍ ပင့်ကူမျှင်များအား မီးနှင့် ရှို့လေတော့သည်။

ပင့်ကူမျှင်များကို မီးစွဲလောင်သောအခါ ပင့်ကူကြီးလည်း





အပေါ်သို့ တက်ပြေးကာ ပျောက်သွားလေတော့သည်။

ထိုအခါမှ ဂူအတွင်းသို့ ဝင်နိုင်ကြလေသည်။

ဂူကြီးမှာ နှစ်ပရိစ္ဆေဒ ကြာမြင့်စွာ ပိတ်ထားခဲ့သဖြင့် လေဝင်လေထွက်ကလည်း မကောင်းရုံမက အနံ့အသက်များကလည်း မကောင်းသေးပေ။

ဂူတစ်ခုလုံး စွတ်စိုအေးမြလျက် ရှိနေသည်။ အတွင်းသို့ ရောက်သောအခါ ဆရာကြီးက. . .

"ဘယ်လိုအန္တရာယ်နဲ့ပဲတွေ့တွေ့ မကြောက်နဲ့နော်၊ ပရလောကသားတွေကတော့ နည်းအမျိုးမျိုးနဲ့ နှောင့်ယှက်ကြမှာပဲ၊ ဘယ်လိုပဲ နှောင့်ယှက်နှောင့်ယှက် ငါ့အနားက မခွာနဲ့. . . ကြားလား"

ဟု သတိပေးသည်။

အတွင်းပိုင်း ရောက်လာလေလေ ဂူကြီးက ပိုမိုကျယ်ဝန်းလာသည်။

သို့ကြောင့် မီး၏အလင်းရောင်က နေရာအနှံ့သို့ မရောက်နိုင်တော့ဘဲ အချို့နေရာများမှာ မှောင်မည်းလျက် ရှိနေသည်။

ထိုအမှောင်ရိပ်များအတွင်းမှ စကားပြောသံလိုလို၊ ညည်းညူသံလိုလို ပဲ့တင်ထပ်သံများ ကြားရသည်။

အမှောင်ရိပ်များ အတွင်းမှ ရိပ်ကနဲ ရိပ်ကနဲ ဖြတ်သွားသော မည်းမည်းသဏ္ဌာန်များကိုလည်း မသဲမကွဲ လှမ်းမြင်ရသည်။

တစ်ခါတစ်ရံမှာလည်း အနားမှ ဖြတ်လျှောက်သွားသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လေဟပ်သွားသည်ကိုပင် သတိပြုမိကြသည်။

တစ်နေရာ ရောက်သောအခါ အတွင်းပိုင်းဆီမှ ဆင်အော်သံလိုလို အသံတစ်သံ ကြားရသည်။

"အင်း. . . အစောင့်ထားခဲ့တဲ့ အကောင်တွေက ငါတို့ ဝင်လာမှန်း သိလို့ သူတို့ ရှိနေမှန်းသိအောင် ဟန့်တားကြတဲ့အသံတွေပဲ၊ သူတို့စည်းထဲ ရောက်ရင်တော့ အစွမ်းကုန် နှောင့်ယှက်ကြလိမ့်မယ်၊ မင်းကြောက်တတ်သလား"

"မကြောက်တတ်ပါဘူး. . . ဆရာကြီး ပါနေသားပဲ၊ ဘာများ ကြောက်စရာ ရှိမလဲ"

ဟု ပြန်ပြောလိုက်သည်။

"မြတ်စွာဘုရားရဲ့တရားတော်တွေကိုတော့ စိတ်ထဲက မမေ့နဲ့ဟေ့၊ ရသမျှ ရွတ်နေပေတော့"

"ဟုတ်ကဲ့ပါ. . ."

အတွင်းသို့ ဆက်လျှောက်ဝင်ခဲ့ရာ တစ်နေရာ ရောက်သောအခါ ဂူပေါက်ဝများ အများအပြား ရှိသောနေရာသို့ ရောက်သဖြင့် ဘယ်အပေါက်မှ ဝင်ရမှန်း မသိတော့ပေ။

ထိုအခါ မောင်မောင်အုပ်က. . .

"နှမလေးရေ. . . မောင်ကြီးတို့ ဂူထဲ ရောက်လာပြီဟေ့၊ ဘယ်အပေါက်က ဝင်ရမယ်ဆိုတာ တဆိတ်လောက် လမ်းညွှန်ပေးပါဦး"

ဟု အသံကျယ်ကျယ်ဖြင့် လှမ်းအော်လိုက်သည်။





တိတ်ဆိတ်နေသော ဂူအတွင်း၌ ၎င်း၏အော်သံများက ပဲ့တင်ထပ်သွားလေသည်။

ထိုအသံများနှင့်အတူ အခြားနေရာမှ အသံအချို့ကိုလည်း မသဲမကွဲ ကြားရသည်။

နေရာအနှံ့အပြားမှ ကြားနေရသောအသံများကတော့ ၎င်းတို့ကို ဟိုနေရာလာပါ၊ ဒီနေရာလာပါဟု ခေါ်နေသောအသံများပင် ဖြစ်လေသည်။

အတန်ကြာတော့ ဂူပေါက်တစ်ခုအတွင်းမှ အမျိုးသမီးတစ်ယောက်၏အော်သံတစ်ချက် ကြားရသည်။

"မောင်ကြီးရေ. . . ဒီဘက်ကိုလာ၊ ရှေ့တည့်တည့်က ဂူပေါက်ထဲကို ဝင်လာကြ၊ နှမလေးကို တွေ့ရလိမ့်မယ်"

ဟူသော သီရိမယ် အသံကို ကြားရသဖြင့် ရှေ့တည့်တည့်၌ ရှိနေသော ဂူပေါက်ဝထဲသို့ ဝင်သွားကြလေသည်။

အတွင်းရောက်တော့လည်း သီရိမယ်၏အသံကို အဆက်မပြတ် ကြားနေရပြီး သူလမ်းညွှန်ပေးသောလမ်းအတိုင်း အတွင်းသို့ ဝင်သွားကြသည်။

တစ်ခါတစ်ရံလည်း အတော်ဝေးဝေးနေရာဆီတွင် လမ်းပြတာ လျှောက်သွားသော သီရိမယ် ပုံသဏ္ဌာန်ကိုပါ မသဲမကွဲ လှမ်းမြင်ရသည်။

ဂူ၏အတွင်းပိုင်း တစ်နေရာ ရောက်သောအခါ ဆင်နှင့်ယှဉ်သံကဲ့သို့ အသံကိုသော်လည်းကောင်း၊



www.burmeseclassic.com

www.burmeseclassic.com



လူအချင်းချင်း စကားပြောသံလိုလို အသံမျိုးကို ကြားလာရသည်။

"မင်းပြောတဲ့ မှန်စီခေါင်းတလားကြီးက အတွင်းဘက်မှာရှိမယ်ထင်တယ်၊ အသံတွေ ကြားနေရတယ်"

ဟု ဆရာကြီးက ပြောသည်။

ဂူ၏အတွင်းပိုင်း ရောက်လာလေလေ ပိုမိုကျယ်ဝန်းလာသလို အမှောင်ရိပ်များကလည်း ပိုမိုသိပ်သည်းလာသည်။

လေဝင်လေထွက် မကောင်းသောကြောင့် အနံ့အသက်များကလည်း မကောင်းလှပေ။

တစ်နေရာရောက်သောအခါ ကျောက်နံရံ၌ မှီရပ်နေသောသဏ္ဌာန်တစ်ခုကို ဝိုးတဝါး လှမ်းမြင်ရသည်။

"ဟိုမှာ ဆရာကြီး"

နှစ်ယောက်သား သတိထား၍ အနီးသို့ သွားကြည့်သောအခါ ထိုသဏ္ဌာန်ကြီးမှာ အခြားမဟုတ်ဘဲ ကြီးမားသော ဆင်အရိုးစုကြီးတစ်ခု ဖြစ်ကြောင်း တွေ့ကြရသည်။

ဆင်ကြီးမှာ အရိုးစုဘဝ ရောက်နေသော်လည်း ပုံသဏ္ဌာန်မပျက် မတ်တတ်ရပ်နေဆဲပင် ရှိသေးသည်။

၎င်းကျောပေါ်မှာတော့ မီးရောင်ဖြင့် အရောင်တလက်လက် တောက်နေသော မှန်စီခေါင်းတလားကြီးကို တွေ့ကြရသည်။

ထိုနေရာတဝိုက်တွင် အရိုးစုသဏ္ဌာန် ရောက်နေသော်လည်း လက်ထဲမှာ ဓါးလှံများကို ကိုင်ထားဆဲဖြစ်သော လူခြောက်





ယောက်ကို တွေ့ရပြန်သည်။

ထိုအရိုးစုကြီးများက ယခုပင် အသက်ဝင်လာပြီး အန္တရာယ်ပေးတော့မည့်သဏ္ဌာန်မျိုး ရှိနေသည်။

ထိုအရိုးစုများက သူတို့ သွားလေရာ ဦးခေါင်းလှည့်ကာလိုက်ကြည့်နေဟန် ရှိလေသည်။ မောင်မောင်အုပ်နှင့် ဆရာကြီးပညာဒီပတို့လည်း အခြေအနေကို အကဲခတ်ကြည့်နေကြသည်။

ထိုအခိုက်မှာပင် တစ်နေရာဆီမှ သီရိမယ်အသံကို ခပ်သဲ့သဲ့ ကြားလာရသည်။

"မောင်ကြီး. . . ကျွန်မက အဲဒီမှန်စီခေါင်းတလားကြီးထဲမှာ ရှိတယ်၊ ရအောင် ကယ်ပေးပါနော်၊ ကျွန်မကို သနားရင် မဖြစ်ဖြစ်တဲ့နည်းနဲ့ ရအောင် ကယ်ပေးကြပါ၊ ဒီအတိုင်းနဲ့တော့ လှည့်မပြန်မသွားကြပါနဲ့၊ နှမလေး တောင်းပန်ပါတယ်၊ တောင်းပန်ပါတယ် မောင်ကြီးရယ်"

ဟူသောအသံကို အတိုင်းသား ကြားနေရသည်။

ထိုအခါ မောင်မောင်အုပ်က ပြန်အော်ပြောလိုက်သည်။

"ဒီအတွက်တော့ စိတ်မပူပါနဲ့ နှမလေးရယ်၊ မောင်ကြီးတို့က နှမလေးကို ကယ်တင်ပေးဖို့ ဒီနေရာတောင် ရောက်အောင်လာပြီးမှတော့ လှည့်မပြန်ပါဘူး၊ ဘယ်လို အန္တရာယ်မျိုးနဲ့တွေ့တွေ့ရအောင် ကယ်ပေးမှာပါ"

"ဝမ်းသာလိုက်တာ မောင်ကြီးရယ်"

"ဒါပေမယ့် ဒီအစောင့်တွေကို ဘယ်လိုရှင်းရမလဲဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



အရင်ပြောပြပေးပါလား”

“စောဟုံဖရဲ့ကျိန်စာက နှမလေးရဲ့အရိုးကို မထိမကိုင်မချင်း သူတို့က ရန်မမူပါဘူး၊ ထိကိုင်မှသာ ရန်မူကြမှာပါ။ ဒီတော့ နှမလေးရဲ့အရိုးကို မကိုင်ခင်မှာ သူတို့ ကိုင်ထားတဲ့ လက်နက်တွေကို ယူပြီး တစ်နေရာမှာ ထားလိုက်ရင် အန္တရာယ်ကင်းနိုင်ပါတယ်”

ဟု နည်းလမ်းပေးသဖြင့် ဆရာကြီးနှင့် မောင်မောင်အုပ်တို့မှာ လူအရိုးစု ခြောက်ယောက်၏လက်ထဲမှာ ကိုင်ထားသော ဓါးလှံ လက်နက်များကို ဖြုတ်ယူကြလေသည်။

ထိုသို့ဖြုတ်ယူရာမှာ လွယ်လွယ်နှင့်တော့ မရပေ။

အရိုးစုများအနီးသို့ ကပ်သွားသည်နှင့် ပုံပန်းသဏ္ဌာန်မှာ အသက်ဝင်လာသကဲ့သို့ ဖြစ်ပြီး ၎င်းတို့အား ရန်မူတော့သကဲ့သို့ ရှိလာလေသည်။

မောင်မောင်အုပ်နှင့် ဆရာကြီးတို့မှာ မိမိတို့ ရသော တရားတော်များကို ရွတ်ဆိုရင်း ၎င်းတို့လက်ထဲမှ လက်နက်များကို ဆွဲယူသောအခါ အလွယ်တကူ မရဘဲ ကျစ်ကျစ်ပါအောင် ပြန်ဆွဲထားကြသည်။

ထိုအခိုက်မှာပင် တဟင်းဟင်း တဟဲဟဲနှင့် မာန်ဖီသံများကို ကြားရသည်။

“သူတို့မျက်နှာတွေကို လုံးဝမော့မကြည့်နဲ့၊ လက်နက်တွေကိုသာ ရအောင်ဖြုတ်ယူပော့”

ဟု ဆရာကြီးက လှမ်းပြောသဖြင့် အရိုးများ၏မျက်နှာတို့





မကြည့်အောင် သတိထားရင်း လက်ထဲမှာ ကိုင်ထားသော ဓါးလှံ လက်နက်များကိုသာ ရအောင် ဖြုတ်ယူလေသည်။

အရိုးစုများကလည်း သက်ရှိလူများသဖွယ် ၎င်းတို့လက်နက်များကို မပေးလိုဟန်ဖြင့် အတင်းအကျပ် ဆုပ်ကိုင်ထားရာ ခက်ခက်ခဲခဲ ဖြုတ်ယူမှ ရကြလေသည်။

ဆရာကြီး ပညာဒီပကတော့ ဆရာတစ်ယောက်မို့ နာနာဘာဝများကို မကြောက်ရွံ့သလို မောင်မောင်အုပ်ကလည်း ချစ်သူဇေနှင့်မို့ မကြောက်မရွံ့ ဖြုတ်ယူရာ နောက်ဆုံးတော့ အရိုးစုများ လက်ထဲမှာ ကိုင်ထားသော ဓါး၊ လှံ၊ ရဲဒင်း အစရှိသော လက်နက်များကို ဖြုတ်ယူနိုင်ကြလေသည်။

ထိုလက်နက်များကို ရသောအခါ ဆရာကြီးက ပရိတ်ကြိုးဖြင့် စုစည်းရုံမက တစ်နေရာမှာ ချထားလိုက်ပြီး ဂါထာမန္တာန်များ ရွတ်ဖတ်ကာ စည်းဝိုင်းပင် ဝိုင်းထားလိုက်သည်။

ထိုသို့ စီမံပြုလုပ်ပြီးတော့မှ အရိုးစု ဖြစ်နေသော ဆင်ကြီးအနီးသို့ သွားကြလေသည်။

ဆင်ကြီးမှာ အရပ်အမောင်း မြင့်ရုံမက ရှည်လျားသော အစွယ်ကြီးနှစ်ချောင်းပင် ယှက်လျက် ရှိနေသေးသည်။

ထောက်တိုင်သဖွယ် ရှိနေသော နံရိုးများ၊ ခြေထောက်ရိုးသတ်ဖျံရိုးတို့မှာ ကြီးမားတုတ်ခိုင်လှပြီး ကျောပေါ်မှ မှန်စီခေါင်းတလားကြီးကို ဟန်မပျက် ထိန်းထားလေသည်။

ထို့ပြင် ကျောပေါ်မှ မှန်စီခေါင်းကြီးကို ပြုတ်မကျစေရန်



www.burmeseclassic.com

www.burmeseclassic.com



လွန်းကြိုးကြီးများဖြင့် သိုင်းချည်ထားသေးသည်။

အနီးသို့ သွားကာ ထိုကြိုးများကို ထိကိုင်ကြည့်လိုက်သော အခါ ပြာမှုန့်ကို လက်ဖြင့် ထိလိုက်သကဲ့သို့ ဆွေးမြေ့ကြေကျသွား လေသည်။

"ဆရာကြီး. . . မှန်စီခေါင်းတလားကြီးတော့ တွေ့ရပါပြီ၊ ဒီလောက်အမြင့်ကြီးမှာ တက်လို့ ဖြစ်ပါ့မလား၊ မတော်လို့ တစ်စစီ ပြိုကျသွားရင်တော့ အခက်ပဲ"

ဟု မောင်မောင်အုပ်က ပြောလိုက်သည်။

"ဘာမှ မစိုးရိမ်ပါနဲ့ကွာ. . . ပြိုမကျနိုင်ပါဘူး၊ ဆင်ရဲ့အရိုး တွေက ဒီလောက်ခိုင်ပြီး ထောက်တိုင်တွေလို ဖြစ်နေတာ၊ ပြိုမကျ နိုင်ပါဘူး"

"ဒါဖြင့် ဘယ်လိုလုပ်ရမလဲ"

"မင်းက အပေါ်ကို တက်ရလိမ့်မယ်၊ ငါက အောက်ကစောင့်ပြီး လာသမျှ အနှောင့်အယှက်တွေကို ဒိုင်ခံရှင်းပေးမယ်၊ အပေါ်ရောက်ရင် ခေါင်းကြီးကို ဖွင့်လိုက်၊ အထဲမှာ ခြေလက်တွေကို သံခြေကျင်းနဲ့ ခတ်ထားတာ တွေ့ရလိမ့်မယ်၊ အဲဒီလို တွေ့တဲ့အခါ မှာ သံကွင်းတွေကို ဖြုတ်ပစ်လိုက်၊ ပြီး ခေါင်းထဲမှာ ရှိတဲ့ အရိုးစုတွေ ကို ပုဝါတစ်ခုနဲ့ စုထုပ်ပြီး ပြန်ဆင်းခဲ့ဟေ့"

ဟု ပြောဆိုမှာကြားကာ ဆေးဖြင့် စီရင်ထားသော ဓါးတစ် လက်နှင့် ရဲဒင်းငယ်တစ်လက်ကို ပေးသည်။

မောင်မောင်တုတ်လည်း ထွေထွေထူးထူး စဉ်းစားမနေ





တော့ဘဲ ဆရာကြီး ပေးသော ဓါးမြှောင်နှင့် ရဲဒင်းငယ်ကို ခါးကြား ထိုးပြီး ခါးတောင်းမြှောင်အောင် ကျိုက်ကာ အရိုးဖြစ်နေသော ဆင် ကြီးကျောကုန်းပေါ်သို့ ဖက်တက်သွားလေတော့သည်။

ဆရာကြီး ပြောလိုက်သည့်အတိုင်းပင်. . .

အရိုးစုများမှာ ထောက်တိုင်ကြီးများကဲ့သို့ ခိုင်မာတောင့် တင်းလှပေသည်။ အပေါ်ရောက်သည်အထိတော့ ဘာတစ်ခုမှ ထူး ခြားမှု မတွေ့ရသေးပေ။

အပေါ်သို့ ရောက်သောအခါ မှန်စီခေါင်းတလားကြီးကို အသေအချာ ကြည့်သည်။ သိုင်းချည်ထားသောကြိုးများမှာ ဆွေး မြေ့ကြေမွလျက် ရှိနေပြီ။

သို့ကြောင့် အဖုံးကို ဓါးဖြင့် ကပ်ကော်ကာ ဖွင့်လိုက်ရာ အတန်ကြာတော့ အဖုံးပွင့်သွားလေတော့သည်။

အတွင်းမှာတော့ အရိုးစုတစ်ခု တွေ့ရလေသည်။

လက်နှင့်ခြေမှာ သံကွင်းများဖြင့် ချည်ထားလေသည်။

"ဒါဟာ ငါ့ချစ်သူ သီရိမယ်ရဲ့အရိုး ဖြစ်မှာပဲ၊ စိတ်မကောင်း စရာ ကောင်းလိုက်တာ"

ဟု တွေးတောကာ ဆေးဖြင့် စီရင်ထားသော သံကွင်းများ ကို အသင့်ယူဆောင်သွားသော ရဲဒင်းဖြင့် ခုတ်ဖြတ်လိုက်ရာ ဆွေး မြေ့နေပြီဖြစ်သဖြင့် ပြတ်တောက်သွားလေသည်။

ထို့နှင့် တပြိုင်နက် ဂူကြီးတစ်ခုလုံး ဆူညံသောအသံများ ပေါ်ထွက်လာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အရိုးစုမှ သံကွင်းများကို ဖြုတ်လိုက်သည်နှင့် တပြိုင်နက် ဆင်ကြီးကလည်း အသက်ဝင်သလို လှုပ်ရှားလာသည်။

စောစောက အနားမှာ ရပ်နေသော အရိုးစုကြီး ခြောက်ကောင်ကလည်း အသက်ဝင်သလို ဖြစ်လာကြကာ ဆရာကြီးကို ရန်မူရန် ထွက်လာကြသည်။

သို့သော်လည်း ဆရာကြီးအနီးသို့ မကပ်ဝံ့ဘဲ မလှမ်းမကမ်းမှသာ ခြောက်လှန့်နေကြသည်။

မောင်မောင်အုပ်မှာလည်း ဆင်ကြီးက လှုပ်ရှားလာသဖြင့် အပေါ်မှ ပြုတ်မကျအောင် အတော်ကလေး သတိထားနေရသည်။

"ဘာမှ မကြောက်နဲ့ဟေ့၊ အပေါ်မှာ ကိစ္စပြီးအောင်သာ အမြန်လုပ်ပေတော့"

ဟု ပြောသဖြင့် မောင်မောင်အုပ်လည်း မှန်စီခေါင်းတလားအတွင်းမှ အရိုးစုများကို အားလုံးစုထုပ်ယူကာ ဆင်ပေါ်မှ အမြန်ပြန်ဆင်းခဲ့လေသည်။

သူ အောက်သို့ ရောက်သောအခါ သူတို့အနီးသို့ သီရိမယ်ရောက်လာလေသည်။

"ဒီဂူထဲက လွတ်အောင် မြန်မြန်ပြေးကြပါ မောင်ကြီးရဲ့၊ ဒီဂူထဲက မလွတ်မချင်း သူတို့ပိုင်နက်ထဲမှာပဲ ရှိပါသေးတယ်၊ သူတို့ အရိုးအိတ်ကို ပြန်လုမလို့ ပြေးလာနေကြပြီ၊ အရိုးအိတ်ကို ဆရာကြီးလက်ထဲကို ပေးထားလိုက်ပါ၊ ဆရာကြီးကိုတော့ သူတို့ ကြောက်ရွံ့ကြတယ်"





ဟု ပြောသဖြင့် မောင်မောင်အုပ်က ငင်းယူလာသော အရိုးအိတ်ကို ဆရာကြီးလက်ထဲသို့ ထည့်ပေးလိုက်ကာ ထိုနေရာမှ ခပ်သုတ်သုတ် ထွက်ခဲ့လေသည်။

သူတို့ ထွက်သည်နှင့် နောက်ဘက်မှ အရိုးစုများ၊ ကြောက်မက်ဖွယ်ကောင်းသော သဏ္ဌာန်များလည်း ထွက်လိုက်လာကြသည်။

အချို့သဏ္ဌာန်များက နောက်မှ မီလုမီခင် ဖြစ်လာကာ လက်တံရှည်များဖြင့် လှမ်းဆွဲကြလေသည်။

ဟိုးနောက်ဘက်မှလည်း ဆင်အရိုးကောင်ကြီးကလည်း အသက်ဝင်လာသကဲ့သို့ ဖြစ်လာကာ နောက်မှ ပြေးလိုက်လာသည်ကိုလည်း လှမ်းမြင်နေရသည်။

"ဆရာကြီး. . . သူတို့ လိုက်လာနေကြပြီ"

"ဘာမှမကြောက်နဲ့. . . ကိုယ့်အနား ရောက်လာရင် ငါပေးထားတဲ့ ရဲဒင်းနဲ့သာ ခုတ်လိုက်. . . မခံနိုင်ဘူး"

ဟု ပြောသဖြင့် အနားရောက်လာသော ကြောက်မက်ဖွယ်ရာသဏ္ဌာန်များကို ရဲဒင်းဖြင့် ခုတ်ပိုင်းကာ ဆက်ပြေးရသည်။

ထိုသို့ ပြေးရင်းမှ ဂူပေါက်ဝနှင့် မနီးမဝေး ရောက်လာသည်။

ထိုကဲ့သို့ နီးလာလေလေ နောက်မှ လိုက်လာသော မိစ္ဆာကောင်များကလည်း သဲကြီးမဲကြီး ဖြစ်လာကြသည်။ တစ်ကြိမ်တွင် အပေါက်ဝမှ မကောင်းဆိုးဝါးတစ်ကောင်က ဆီးကြိုနေရာ ညှပ်ရှု



www.burmeseclassic.com

www.burmeseclassic.com



ညှပ်ပိတ် ဖြစ်သွားတော့သည်။

"ဆရာကြီးက အရိုးထုပ်နဲ့ အပြင်ရောက်အောင် ဖောက်ထွက်ပေတော့၊ ကျွန်တော် နောက်က လိုက်လာတဲ့ မိစ္ဆာတွေကို တားပေးမယ်"

ဟု ပြောသဖြင့် ဆရာကြီးလည်း အစွမ်းရှိသမျှ ခုခံကာကွယ်ရင်း အပြင်ထွက်ရန် ကြိုးစားလေတော့သည်။

"အရိုးထုပ်ကို ထားခဲ့၊ အရိုးထုပ်ကို ထားခဲ့ပါ"

ဟူသော အသံနက်ကြီးနှင့် ပြောသံကိုလည်း အတိုင်းသားကြားနေရလေသည်။

နောက်ဆုံးတော့ ဆရာကြီး ပညာဒီပမှာ ရှေ့မှ ဆီးတားနေသော သရဲသဘက် သဏ္ဍာန်ကြီးကို ဖယ်ရှားနိုင်ပြီး ဂူအပြင်ဘက်သို့ ချောမောစွာ ရောက်သွားလေတော့သည်။

ဂူအတွင်းမှာတော့ မောင်မောင်အုပ် တစ်ယောက်သာ ကျန်ခဲ့တော့သည်။

သူ့လက်ထဲမှာလည်း အားကိုးစရာ ဆို၍ ဆရာကြီး ပေးထားခဲ့သော ရဲဒင်းတစ်လက်သာ ရှိသဖြင့် ထိုရဲဒင်းနှင့် ခုတ်ထွင်ဖယ်ရှားရင်းနှင့် နောက်ဆုံး ရဲဒင်း လွတ်ကျသွားကာ မိစ္ဆာများ လက်တွင်းသို့ ပါသွားလေတော့သည်။







အခန်း(၇)

## မှန်စီခေါင်းနှင့် အတိတ်မောင်းပုံပြင်

ဆရာကြီး ပညာဒီပမှာ ဂူအပြင်သို့ ရောက်ပြီးနောက် မောင်မောင်အုပ် ထွက်အလာကို စောင့်သော်လည်း တော်တော်နှင့် ထွက်မလာနိုင်ဘဲ ကြောက်မက်ဖွယ်ကောင်းသော အော်သံကြီးကိုသာ ကြားလိုက်ရလေသည်။

ဒီတော့မှ ဂူထဲမှ မောင်မောင်အုပ် အခြေအနေကို သိလိုက်သော်လည်း ဘယ်လိုမှ မကယ်တင်နိုင်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်တွင် ဆရာကြီး ဦးပညာဒီပလည်း လက်ထဲမှာပါလာသော အရိုးထုပ်ကလေးကို ကျောက်ဂူနှင့် ဝေးရာတွင် မြှုပ်နှံသင်္ဂြိုဟ်လိုက်လေသည်။

"ကိုင်း. . . မိန်းကလေး၊ မင်းလည်း ကျိန်စာသင့်နေတဲ့ အကျဉ်းစံဘဝက လွတ်မြောက်သွားခဲ့ပေပြီ၊ အခုအချိန်ကစပြီး လွတ်ရာသို့ သွားနိုင်ပေပြီ၊

မင်းကို ကယ်နိုင်ခဲ့သော်လည်း မင်းချစ်သူကို မကယ်နိုင်ခဲ့တာတော့ စိတ်မကောင်း ဖြစ်ရပါတယ်၊

ငါပြုခဲ့သမျှ ကုသိုလ်ကောင်းမှု အဖို့ဘာဂ အစုစုတို့ကို အမျှအတမ်းများ ဝေပေးပါတယ်၊

မင်းတို့ ရောက်ရာဘဝက အမျှရ၍ သာဓုခေါ်နိုင်ကြပါစေ၊ အမျှ. . . အမျှ. . . အမျှ. . . ယူကြပါတော့"

ဟု စိတ်မကောင်းသောအသံဖြင့် အမျှအတမ်း ဝေပေးလိုက်လေတော့သည်။

ထိုအခိုက်မှာပင် သီရိမယ်က အနီးသို့ ရောက်လာလေသည်။

"ဆရာကြီး. . . ဆရာကြီးတို့ရဲ့ကျေးဇူးက ကြီးလှပါပေတယ်၊ ဆရာကြီးနဲ့ မောင်ကြီးတို့ ကယ်တင်ပေးခဲ့တဲ့အတွက် ကျွန်မရဲ့ဝိညာဉ်လည်း အကျဉ်းစံဘဝက လွတ်မြောက်ခဲ့ပါပြီ၊ ဒါပေမယ့် မောင်ကြီးအတွက်တော့ စိတ်မကောင်း ဖြစ်ရပါတယ် ဆရာကြီးရယ်"





"ဒါကတော့ ကံစီမံရာအတိုင်းပေါ့ကွယ်"

"ကျွန်မဟာ သီရိမယ်ဘဝနဲ့ သေဆုံးနေခဲ့တာ နှစ်ပေါင်းသုံးရာကျော်နေခဲ့ပါပြီ၊ ဒါပေမယ့် ကျိန်စာမိနေတော့ ဝိညာဉ်ကဘယ်မှ သွားလို့မရတာကြောင့် မိမိကိုယ်ကို သက်ရှိလူတစ်ယောက်လို့ပဲ ထင်နေမိပါတယ်၊

အခု ကျိန်စာက လွတ်တော့မှပဲ မိမိသေဆုံးခဲ့တာ နှစ်ပေါင်းအတော်ကြာမှန်း သိရပါတော့တယ်၊ ကျွန်မရဲ့ဝိညာဉ်ဟာ အခုတော့ လွတ်လွတ်လပ်လပ် သွားခွင့်ရပါပြီ၊ ဒါကြောင့် မောင်ကြီးဝိညာဉ်ကို လိုက်ရှာဖို့ သွားပါတော့မယ်၊

ဆရာကြီးတို့ရဲ့ကျေးဇူးကိုတော့ ဘယ်တော့မှ မမေ့တော့ပါဘူး ဆရာကြီးရယ်၊

ကျွန်မ သွားပါတော့မယ်"

ဟု ပြောဆို နှုတ်ဆက်ကာ တရွေ့ရွေ့နှင့် ဝေးကာ သွားလေတော့သည်။

"အင်း. . . ဘဝကံဆိုးကြတဲ့သူတွေပဲ၊ နောက်ဘဝတွေမှာ ဒီလိုဘဝဆိုးတွေနဲ့ မတွေ့မကြုံကြပါစေနဲ့လို့ ဆုတောင်းပေးလိုက်ပါတယ်ကွယ်"

ဟု စိတ်မကောင်းသောအသံဖြင့် ပြောဆိုရေရွတ်ကာ ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။

နောက်ပိုင်းမှာတော့ မောင်မောင်အုပ်တို့ အပေါက်ဖွင့်ခဲ့သော ကျောက်ဂူကြီးအတွင်းမှ ကြောက်မက်ဖွယ်ရာကောင်းသော



www.burmeseclassic.com

www.burmeseclassic.com



ခြောက်လှန့်မှုများ အဆက်မပြတ် ပေါ်ပေါက်လာတော့သည်။

နေ့ဘက်ရော ညအချိန်ပါ ကျောက်ဂူအတွင်းမှ ဆင်အော်သံများ၊ လူအော်သံများ၊ စကားပြောသံများ၊ အော်ဟစ်ကြိမ်းမောင်းသံများ ကြားကြရခြင်း၊

နေဝင်ရီတရောအချိန် ထိုနေရာမှ ဖြတ်သွားပါက လူ့အရိုးစုများ ထွက်လိုက်ခြင်း၊ ကြောက်မက်ဖွယ်ကောင်းသော သရဲသဘက်များကို တွေ့မြင်ခြောက်လှန့်ခြင်း ခံကြသဖြင့် ထိုအနီးတဝိုက်တွင် နေကြသောလူတို့မှာ များစွာထိတ်လန့်ကြောက်ရွံ့မှု ဖြစ်နေကြရသည်။

ထို့ထက်. . .

ကျောက်ဂူပေါက်ဝနှင့် နီးသောနေရာတွင် ဝါးကျောင်းလေးဖြင့် သီတင်းသုံးကာ တရားအားထုတ်နေသော ဦးဝိမလမှာ ထိုအသံများ ခြောက်လှန့်မှုများကြောင့် တရားဖြောင့်အောင် မထိုင်ရတော့ပေ။

နောက်တော့ နာနာဘာဝများက ညအချိန်ရောက်လာလျှင် ကျောင်းနားအထိ ရောက်အောင်လာကြပြီး. . .

"အရိုးတွေပြန်ပေး၊ အရိုးတွေပြန်ပေး"

ဟု အသံနက်ကြီးများနှင့် တောင်းတတ်ကြလေသည်။

နောက်ဆုံး မတတ်သာတော့ပဲ ဂူပေါက်ဝမှာ ထိုင်ပြီး ပရိတ်ရွတ်ခြင်း၊ မေတ္တာပို့ အမျှအတန်းများ ဝေပေးရသည်။

မိမိအနားသို့ ရောက်လာလျှင်လည်း မေတ္တာပို့ အမျှ





အတန်း ဝေပေးပြီး. . .

"ဟဲ့. . . နာနာဘာဝတွေ၊ နင်တို့ကို အစောင့်အရှောက်ထားခဲ့သော်လည်း နင်တို့ စောင့်ရှောက်ရမယ့်သူက လွတ်ရာဘုံဘဝကို ရောက်သွားပြီ၊ နင်တို့တာဝန်လည်း ကုန်ပြီ၊ ဘာကြောင့် မဆိုင်တဲ့သူတွေကို နှောင့်ယှက်ချင်နေရတာလဲ၊

ဒီဘဝက ကျွတ်ရာလွတ်ရာ ဘဝကို ရောက်အောင်လုပ်ကြ၊ ငါ ဒီနေရာမှာ ကမ္မဋ္ဌာန်းတရားတော်တွေကို နေ့တိုင်းလာပြီး ရွတ်ဖတ်သရဇ္ဈာယ်ပေးမယ်၊

မေတ္တာပို့ အမျှအတန်း ဝေပေးမယ်၊

ဒီနေရာကို လာပြီး တရားနာယူလှည့်ကြ"

တစ်နေ့တော့ ဂူအတွင်းမှ ပုံပန်းအဆင်းသဏ္ဍာန် ကြောက်တော်ဖွယ်ကောင်းသော လူခြောက်ယောက် ထွက်လာပြီး ဆရာတော်ရှေ့မှာ ထိုင်ကြလေသည်။

"တပည့်တော်တို့ တာဝန်ကုန်ပြီဆိုတာ ဆရာတော် ပြောပြမှ သိရပါတယ်၊ ကမ္မဋ္ဌာန်းတရားတွေလည်းနာ၊ ဆရာတော် ပို့ပေးတဲ့မေတ္တာနဲ့ အမျှအတန်းတွေကို ရကြလို့ တပည့်တော်တို့ ကျွတ်လွတ်ခွင့် ရကြပါပြီဘုရား၊ ဒါကြောင့် ဆရာတော်ကို ကျေးဇူးတင်ပါတယ်၊

ဒီကျေးဇူးကို ဆပ်တဲ့အနေနဲ့ ဂူထဲမှာ တပည့်တော်တို့ခြောက်ယောက် စောင့်ရှောက်ရတဲ့ မှန်စီခေါင်းတလားကြီးကို ဆရာတော်ကို လှူခဲ့ပါမယ်၊ လိုရာသုံးပါတော့ ဘုရား၊ တပည့်တော်တို့ သွားခွင့်ပြုပါတော့ ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုနှုတ်ဆက်ပြီးနောက် တရွေ့ရွေ့နှင့် ထွက်ခွာသွားကြလေတော့သည်။

ထို့နောက်ပိုင်းမှာတော့ ထိုဂူပေါက်တဝိုက်မှာ ခြောက်လှန့်နှောင့်ယှက်မှုများ မရှိတော့ပေ။

ဂူအတွင်းမှ ဆူဆူညံညံအသံများလည်း မကြားကြတော့ပေ။

နောက်တော့ ဆရာတော် ဦးဝိမလသည် ရွာမှ ဒကာဒကာမများကို ခေါ်ပြီး ဂူအတွင်းသို့ ဝင်ကာ မှန်စီခေါင်းတလားကြီးနှင့်တကွ ဆင်အရိုးစုများ၊ လူအရိုးစုများကို သယ်ယူလာစေပြီး ဇရပ်ကြီး၏အနောက်ဘက်၌ ရှိသော ကျောက်ဂူထဲသို့ ထည့်သွင်းစေသည်။

ထိုဂူထဲတွင် ဆင်ရုပ်ကြီးကိုလည်း မူလပုံစံမပျက် ပြန်ဆင်ထားသလို လူခြောက်ယောက်၏အရိုးစုများကိုလည်း မူလပုံစံမပျက် ထည့်သွင်းထားလေသည်။

မှန်စီခေါင်းတလားကိုလည်း ကောင်းမွန်စွာ ထားသေသည်။

ကျောင်းထိုင်ဆရာတော်ကြီးများ ပျံလွန်တော်မူလျှင် ထိုခေါင်းတလားကြီးကို ထုတ်လာပြီး အသုံးပြုလေသည်။ သင်္ဂြိုဟ်ပြီးသည်နှင့် ခေါင်းတလားကြီးကို ဂူထဲသို့ ပြန်ထည့်ထားကာ တံခါးပိတ်၍ သိမ်းဆည်းထားလေသည်။

. . . အထက်ပါအကြောင်းများမှာ ကပ္ပိယကြီး ဦးဖေ





ကောင်းက နီမောင်အပါအဝင် လူငယ်များကို အေးအေးဆေးဆေး ပြောပြသော အကြောင်းအရာများပင် ဖြစ်ပေသည်။

ထိုအကြောင်းများကို ကြားသောအခါ နီမောင်တို့မှာ များစွာအံ့သြကြလေသည်။

“ဒါဖြင့် တံခါးပိတ်ထားတဲ့ ကျောက်ဂူထဲမှာ မှန်စီခေါင်းတလားကြီး ရှိနေတာပေါ့နော်”

“အင်း. . . ရှိတယ်”

“ကျွန်တော်တို့ ကြည့်ချင်တယ်၊ ကြည့်လို့ရမလား အဘ”

“မင်းတို့က ကြည့်ဝံ့လို့လား”

“အဘ ပါနေတာပဲ. . . ကြည့်ဝံ့ပါတယ်”

“ဒီလိုဆိုရင်လည်း ငါလိုက်ပြပါ့မယ်”

ဟု ပြောဆိုကာ ရှေ့မှ ဦးဆောင်ခေါ်သွားသဖြင့် နီမောင်တို့က နောက်မှ လိုက်သွားကြသည်။

ညဦးနက်ပိုင်းအချိန်မို့ ထိုနေရာတဝိုက်မှာ လူရှင်းစပြုနေချေပြီ။

ပိတ်ထားသော တံခါးပေါက်ဝ ရောက်သောအခါ ဦးဖန်ကောင်းက အသင့်ယူဆောင်လာသော သော့ဖြင့် ဖွင့်ကာ တံခါးဖွင့်လိုက်သည်။

ထို့နောက် မီးတိုင်များ ကိုင်၍ အတွင်းသို့ ဝင်သွားကြလေသည်။

ဂူမှာ သဘာဝဂူ ဖြစ်သော်လည်း အတော်ကျယ်ဝန်းလှ



www.burmeseclassic.com

www.burmeseclassic.com



သည်။

“ဒီဂူထဲမှာ ဆင်ရိုးတွေ၊ လူရိုးတွေကို ကမ္မဋ္ဌာန်းရုပ် ဆင်ထားတာက ကျောင်းထိုင်ဆရာတော်တွေက ဒီဂူထဲဝင် တံခါးပိတ်ပြီး ကမ္မဋ္ဌာန်းတရား ပွားများဖို့အတွက်ပဲ”

ဟု ပြောပြလေသည်။

အထဲရောက်တော့ ပုံစံမပျက် ပြုလုပ်ထားသော ဆင်အရိုးနှင့် လူအရိုးစုများကို တွေ့ကြရသည်။

ထိုအရာများကို မြင်တော့ နည်းနည်းတော့ လန့်သွားကြလေသည်။

ထိုနေရာကိုကျော်တော့ သလွန်တစ်ခုပေါ်မှာ တင်ထားသော မှန်စီခေါင်းတလားကြီးကို တွေ့ကြရသည်။

အပြင်ဘက်၌ မှန်စီရွှေချထားပြီး အတွင်းဘက်မှာတော့ နီရဲနေသော ဟင်္သာပြဒါးလေးများ သုပ်ထားလေသည်။

ဘေးနံရံများတွင် ဆေးအနက်ဖြင့် လုပ်ထားသော အင်းတွက်အမြောက်အမြား ရှိလေသည်။ ရှေးနှစ်ပေါင်း သုံးရာကျော်က ပြုလုပ်ခဲ့သော လက်ရာပင် ဖြစ်လင့်ကစား မပျက်မယွင်းဘဲ အကောင်းပကတိအတိုင်း ရှိနေသေးသည်ကပင် အံ့ဩဖွယ်ရာကောင်းလှသည်။

နီမောင်မှာ ထိုမှန်စီခေါင်းကြီးကို မြင်သောအခါ တစ်စုံတစ်ခုကို လွမ်းဆွတ်ကြေကွဲသလို ဖြစ်လာသည်။

နားထဲမှာလည်း အဝေးတစ်နေရာဆီမှ ခေါ်သံလိုလို အသံ





များကို ကြားလာရသည်။

အဘယ်ကြောင့် ထိုသို့ဖြစ်လာသည်ကိုတော့ သူကိုယ်တိုင်ပင် နားမလည်နိုင်တော့ချေ။





www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁)

# ထူးဆန်းသော ဝိညာဉ်ခန္ဓာ

**နှ**ားထဲမှာ မိမိနာမည်လိုလို ခေါ်သံကြားရသည်။

အဝေးတစ်နေရာဆီမှ ခေါ်နေသံ ဖြစ်သည်။

"မောင်ကြီးရေ. . . မောင်ကြီးရေ. . . နှမလေးဆီကို လာခဲ့ပါကွယ်"

ထိုအသံမှာ တစ်စုံတစ်ယောက်က မိမိကို ခေါ်နေမှန်း သိနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ကြီးရေ့ . . နှမလေးဆီကို လာခဲ့ပါကွယ်"

ထိုသို့ ခေါ်သံကြားသဖြင့် အိပ်နေရာမှ ထလိုက်သည်။ ထို့နောက် ခေါ်သံကြားရာဘက်သို့ ထွက်လာခဲ့သည်။

လမ်းတလျှောက်လုံး မြင်နေရသော မြင်ကွင်းများက သူ့အနေနှင့် အသစ်အဆန်းတော့ မဖြစ်ပေ။

ရွှေပန်းကန်ချောင်းတဝိုက်မှ နေရာများ၊

ထူးခြားသော ကျောက်ပျဉ်ကြီးနှင့် စတုဘုမ္မိက ကျောင်းမှ ဆရာတော်ကြီးများ အဆက်ဆက် သီတင်းသုံးကာ တရားအားထုတ်သော ဝါးကျောင်းကလေးကိုပါ မြင်တွေ့ရသည်။

ခေါ်သံက ထိုနေရာများနှင့် မဝေးလှသောနေရာဆီမှ ကြားနေရခြင်းဖြစ်သည်။

နီမောင်က အသံကြားရာဘက်သို့ ဆက်လျှောက်လာရာ မြင့်မားသော ကျောက်နံရံကြီးတစ်ခု ရှိရာသို့ ရောက်တော့ လမ်းတဆုံးသွားလေသည်။

ကျောက်နံရံကြီးက ရှေ့ဘက်မှ ဆီးတားလျက် ရှိနေသည်။

"မောင်ကြီးရေ့ . . အတွင်းကို ဝင်လာခဲ့ပါကွယ်"

ခေါ်သံက ကျောက်နံရံကြီးအတွင်းမှ ပေါ်ထွက်လာခြင်းဖြစ်သည်။

ပထမတော့ ကျောက်နံရံကြီးကို ကြည့်ပြီး ဘယ်လိုဝင်ရမှန်း မသိအောင် ရှိနေပြီးမှ ဖြစ်လိုရာဖြစ်စေတော့ဟု သဘောထားကာ တိုးဝင်လိုက်ရာ အတားအဆီး မရှိဘဲ အတွင်းသို့ ရောက်သွားလေ





သည်။

ဂူကြီးအတွင်းပိုင်းမှာ မှောင်မည်းနေသော်လည်း အသံကြားရာဘက်သို့ မှန်းကာ လာခဲ့ရာ နောက်ဆုံးတော့ မှန်စီခေါင်းတလားကြီး ရှိရာသို့ ရောက်သွားသည်။

"ဒီခေါင်းတလားကြီးဟာ တောရကျောင်း ကျောက်ဂူထဲမှာ ထည့်ထားတဲ့ ခေါင်းတလားကြီးနဲ့ တူလိုက်တာ"

ဟု စိတ်ကူးနေစဉ် ခေါင်းတလားကြီးအတွင်းမှ ခေါ်သံကြားရသည်။

"မောင်ကြီးရေ့ . . ခေါင်းတလားကြီးထဲမှာ နှမလေး ရှိတယ်လေ၊ အဖုံးကို ဖွင့်လိုက်ပါ မောင်ကြီးရယ်"

ဟု အသံကြားသဖြင့် ခေါင်းတလားအဖုံးကို မ,ဖွင့်လိုက်သည်။

အဖုံးပွင့်သွားသော်လည်း အတွင်း၌ မီးခိုးငွေ့များ ဝေ့ဝိုင်းနေသဖြင့် အတွင်းမှ သဏ္ဍာန်ကို ကောင်းစွာမမြင်ရပေ။

အတန်ကြာတော့မှ မီးခိုးငွေ့များ ပါးသွားသဖြင့် ခေါင်းတလားအတွင်းမှာ လဲလျောင်းနေသော မိန်းကလေးတစ်ဦးကို မြင်ရသည်။

"ဟင် . . ."

မိန်းကလေးကိုယ်၌ ဝတ်ဆင်ထားသော အဝတ်အစားနှင့် လက်ဝတ်ရတနာများမှာ ရှေးခေတ် အဝတ်အစား အသုံးအဆောင်များဖြစ်သော်လည်း မျက်နှာကတော့ မြနှင်းဖြူ၏မျက်နှာပင် ဖြစ်ပေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

သို့ကြောင့် တအံ့တသြ ဖြစ်သွားလေသည်။ တအံ့တသြ ငေးကြည့်နေစဉ်မှာ မြနှင်းဖြူက အိပ်ပျော်နေသလို ရှိနေရာမှ ဖျတ်ခနဲ မျက်လုံးပွင့်လာသည်။

သူမက နီမောင်ကို မြင်တော့ ပြုံးပြကာ လက်ကမ်းပေးသဖြင့် နီမောင်က လက်ကို ဆွဲကာ ထူပေးလိုက်သည်။

မြနှင်းဖြူက အပြင်သို့ ထွက်လာသည်။

"မြနှင်းဖြူ. . . နင်ဘယ်လိုဖြစ်ပြီး ဘယ်ဘဝ ရောက်နေတာလဲ"

"ဘယ်ဘဝမှ ရောက်နေတာ မဟုတ်ပါဘူး နီမောင်ရယ်၊ ငါတာ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းသုံးရာကျော်လောက်ကတည်းက ဒီအထဲမှာ ကျိန်စာသင့်ပြီး နေခဲ့ရတဲ့ သိရိမယ်ပါ၊ ဒီဘဝမှာတော့ မြနှင်းဖြူပေါ့"

"ဟင်. . ."

"ငါ့ကို စောဖဟုံက မှန်စီခေါင်းတလားထဲမှာ ထည့်ပြီး ကျိန်စာတိုက်ထားခဲ့တာ နှစ်ပေါင်းအတော်ကြာခဲ့ပြီ၊ နောက်တော့ ငါ့ကို ကယ်မယ့်သူနဲ့ တွေ့ခဲ့တယ်၊ ငါ့ကို ကယ်ပေးခဲ့တာကတော့ တခြားမဟုတ်ဘူး၊ မောင်မောင်အုပ်ဆိုတဲ့ ငါ့ရဲ့ချစ်သူပဲပေါ့"

"သူက ဘယ်မှာလဲဟင်"

"သူကတော့ ငါ့ကို လွတ်မြောက်အောင် ကယ်တင်ပေးရင်းနဲ့ သေဆုံးသွားရှာတယ်၊ ဒါကြောင့် ငါ့ချစ်သူရဲ့ဝိညာဉ်ကို လိုက်ရှာရင်းနဲ့ နောက်ဆုံးတော့ ရှာတွေ့ခဲ့တယ်၊ ဒါကြောင့် သူရှိတဲ့အရပ်မှာပဲ ငါ လူ့ဘဝကို ဝင်စားခဲ့တယ်လေ"

"နင့်ချစ်သူက ဘယ်သူလဲဟင်"

"ဘဝဟောင်းက ငါ့ချစ်သူ မောင်မောင်အုပ် ဝင်စားတဲ့လူက တခြားမဟုတ်ဘူး. . . နင်ပဲလေ"

"ဟင်. . . ငါက နင့်ချစ်သူ ဟုတ်လား"

"ဟုတ်တယ်လေ. . . ဒါကြောင့် ဒီဘဝ ရောက်တဲ့အခါ ဘယ်သူ့အချစ်ကိုမှ လက်မခံပဲ နင့်ကို စောင့်နေတာပေါ့"

ထိုစကားကြားသောအခါ နီမောင်မှာ ယုံရအခက် မယုံရအခက် ဖြစ်နေလေသည်။

"ငါပြောတာတွေကို နင် မယုံဘူးလား၊ ငါပြောတာတွေဟာ အားလုံးအမှန်တွေချည်းပါပဲ၊ နင့်ကို နောက်တစ်ခု ပြောရဦးမယ်၊ ဟိုဘဝက ငါ့ကို နှိပ်စက်ခဲ့တဲ့ ငါ့အချစ်ကို မတရား လုယူဖို့ ကြိုးစားခဲ့တဲ့ စောဖဟုံလည်း အခု လူ့လောကမှာ ပြန်ရောက်နေတယ်"

"သူက ဘယ်သူလဲဟင်"

"ထွန်းအောင်ကျော်ဆိုတဲ့လူပေါ့၊ ဟိုဘဝက နှိပ်စက်ခဲ့တာ အားမရခဲ့လို့ ဒီဘဝမှာလည်း ဆက်ပြီးဒုက္ခပေးဖို့ ကြိုးစားနေပြန်တယ်"

နီမောင်မှာ ပါးစပ်အဟောင်းသား ဖြစ်နေလေသည်။

"ငါပြောတဲ့စကားတွေကို နင်မယုံဘူး၊ နင်မယုံရင် အဖွားကြီး ဦးဇပန်ကောင်းကို မေးကြည့်ပါ၊ ငါ ဘဝဟောင်းက ဖတ်ဆင်ခဲ့တဲ့







www.burmeseclassic.com

www.burmeseclassic.com



အဖိုးတန် လက်ဝတ်ရတနာတွေကို သူ သိမ်းထားတယ်"

"ဘယ်လိုသိမ်းထားတာလဲဟင်"

"ဟိုတုန်းက ဆရာတော် ဦးဝိမလနဲ့ ဆရာကြီး ဦးပညာဒီပတို့က ကျောက်ဂူအတွင်းက ခေါင်းတလားကြီးကို ယူလာတဲ့အခါမှာ ငါ ဘဝဟောင်းက ဝတ်ဆင်ခဲ့တဲ့ အဖိုးတန် လက်ဝတ်ရတနာတွေကို ခေါင်းထဲမှာ တွေ့ရတယ်၊

ဒါကြောင့် အဲဒီရတနာတွေကို ပုဝါနဲ့ ထုပ်ပြီး သိမ်းထားခဲ့ကြတာ၊ အခုအချိန်အထိ ရှိသေးတယ်၊ ကျောင်းထိုင်ဆရာတော်ကြီး အဆက်ဆက် သိမ်းခဲ့ကြတာ ဆိုပါတော့၊

အခုတော့ ဆရာတော်ကြီးက ဝိနည်းနဲ့ မအပ်စပ်လို့ ရတနာပစ္စည်းထုပ်ကို ကပ္ပိယကြီး ဦးဇန်ကောင်းကို သိမ်းခိုင်းထားတယ်၊ နင် ငါပြောတာတွေ မယုံရင် ကပ္ပိယကြီးဆီမှာ ရှိတဲ့ ရတနာပစ္စည်းထုပ်ကို ယူကြည့်ရင် သိမှာပေါ့၊ နင် ယုံကြည်အောင် ငါဝတ်ဆင်ခဲ့တဲ့ ရတနာပစ္စည်းတွေကို ငါပြောပြမယ်"

မြနှင်းဖြူ ပြောပြသော ရတနာပစ္စည်းစာရင်းမှာ. . .

ပတ္တမြားဆံကျင် ဆံထိုးတစ်ချောင်း၊

ပတ္တမြားနားငှောင်းတစ်စုံ၊

ရတနာ ခုနစ်ပါး တန်ဆာဆင်ထားသော ဘယက်တစ်ခု၊

ရွှေလက်ကောက် ရှစ်ကွင်း

နဝရတ် လက်ဝတ်ရတနာ တစ်ကွင်း၊

ရွှေခြေကျင်းနှစ်ကွင်းတို့ ဖြစ်ကြလေသည်။





ထိုကဲ့သို့ အတိအကျ ပြောသောအခါ နီမောင်မှာ စိတ်ထဲမှာ လှုပ်ရှားလာတော့သည်။

"ဒါဖြင့် နင်နဲ့ငါနဲ့က ဟိုဘဝက ချစ်သူတွေ ဖြစ်ခဲ့ကြတာပေါ့နော်"

ထိုစကား ကြားသောအခါ မြနှင်းဖြူက သဘောကျစွာ ပြုံး၍ ခေါင်းညိတ်ပြလိုက်လေသည်။

"ဟုတ်တာပေါ့"

"ဒါပေမယ့် ဒီဘဝမှာတော့ ငါတို့နှစ်ယောက်က ချစ်သူတွေ ဘဝ ရောက်ကြဖို့ မလွယ်လှဘူးနော်"

"ဘာဖြစ်လို့လဲဟင်"

"အခုအခြေအနေက နင်တို့က ချမ်းသာပြီး ငါတို့က ဆင်းရဲတယ်လေ၊ နီးစပ်ဖို့ လွယ်ပါ့မလား"

"ဘဝတစ်ခုကနေ တစ်ခုခြားနေတာတောင် နီးစပ်အောင် လုပ်လာပြီးမှတော့ ဆင်းရဲတာ ချမ်းသာတာလောက်နဲ့တော့ ဆုံစည်းဖို့ မဖြစ်နိုင်ဘူးဆိုတာ ဘာကြောင့် မကျော်လွှားနိုင်ရမှာလဲ၊ နင့်ဘက်က ကြိုးစားပေါ့"

ဟု ပြောကာ မြနှင်းဖြူ၏ပုံရိပ်သဏ္ဌာန်က တဖြည်းဖြည်းနှင့် ဝေဝါးပျောက်ကွယ်သွားလေတော့သည်။ ထိုအခါ နီမောင်လည်း အိပ်မက်မှ ပြန်လည်နိုးလာတော့သည်။

သူသည် အိပ်ပျော်ရာမှ နိုးလာသော်လည်း အိပ်မက်ထဲမှ အကြောင်းအရာများကို အားလုံးမှတ်မိနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မြနှင်းဖြူနဲ့ ငါနဲ့က ဘဝဟောင်းက ချစ်သူတွေလို့ ပြောတယ်၊ ဒီဘဝမှာတော့ ဘယ်နည်းနဲ့မှ နီးစပ်ဖို့ မဖြစ်နိုင်ပါဘူး"

ဟု တွေးမိသလို တဖက်မှလည်း အိပ်မက်ထဲမှ အကြောင်းများမှာ အမှန်တကယ် ဟုတ်မဟုတ်ကို သိလိုနေပြန်သည်။

သို့ကြောင့် အလုပ်အားသော တစ်ရက်တွင် ဦးဗန်ကောင်းဆီသို့ သွားလေသည်။

"နီမောင်ပါလား. . . ဘာကိစ္စရှိလို့လဲ"

"အဘကို မေးစရာရှိလို့ပါ"

ဦးဗန်ကောင်းက နီမောင့်ကို အကဲခတ်သလို တစ်ချက်ကြည့်လိုက်သည်။

"ဘာမေးမှာလဲ"

"တခြားတော့ မဟုတ်ပါဘူး၊ ကျွန်တော် အိပ်မက်တစ်ခုမက်တယ် အဘ၊ အဲဒါ အိပ်မက်ထဲက အကြောင်းတွေ မှန်မမှန် သိချင်လို့ လာခဲ့တာပါ"

နီမောင်က အိပ်မက်ထဲက အကြောင်းများကို ပြန်ပြောပြလိုက်လေသည်။

ထိုစကား ကြားသောအခါ ဦးဗန်ကောင်းက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"မင်းက ဒီအိပ်မက်ကို အခုမှ မက်တာကိုး၊ သူက အချိန် အတော်ကြာကြာကတည်းက ဒီအိပ်မက်မျိုး မက်ခဲ့တယ်"

"ဘယ်သူလဲဟင်"





"ဘယ်သူဖြစ်မလဲကွယ့်. . . မြနှင်းဖြူပေါ့"

"ဟင်. . . မြနှင်းဖြူလည်း ကျွန်တော့်လို အိပ်မက်မျိုး မက်ခဲ့ဖူးတယ် ဟုတ်လား အဘ"

"ဟုတ်တယ်. . . သူလည်း မင်းမက်ခဲ့တဲ့ အိပ်မက်မျိုးကို တစ်ထပ်တည်း မက်ခဲ့တာပဲ၊ ဒါကြောင့် ဟုတ်မဟုတ်ဆိုပြီး ဘဝဟောင်းက ကျန်ခဲ့တဲ့ပစ္စည်းတွေ လာကြည့်သွားသေးတယ်"

"ဟင်. . ."

"သူ့ပစ္စည်းတွေ မြင်တော့ မျက်ရည်တွေ ဖြိုင်ဖြိုင်ကျပြီး ငိုလိုက်တာ မပြောပါနဲ့တော့ကွာ"

"ဒါဖြင့် အဲဒီပစ္စည်းတွေက တကယ်ရှိတာပေါ့ ဟုတ်လား အဘ"

"ရှိပါတယ်. . . ငါယူပြပါ့မယ်"

ဟု ပြောကာ နေရာမှ ထသွားလေသည်။

အတန်ကြာတော့ အထုပ်တစ်ထုပ် ကိုင်ပြီး ပြန်ရောက်လာသည်။

အထုပ်မှာ ပိုးပုဝါစဖြင့် အသေအချာ ထုပ်ထားတာ ဖြစ်ပြီး ဖြေကြည့်လိုက်သောအခါ အတွင်း၌ အဖိုးတန် ရတနာပစ္စည်းများကို တွေ့ရလေသည်။

ထိုရတနာပစ္စည်းများမှာ အိပ်မက်ထဲတွင် မြနှင်းဖြူ ပြောပြသည့် ရတနာပစ္စည်းအတိုင်း တသွေမတိမ်း တူညီလေသည်။

"ဒီပစ္စည်းတွေဟာ ရှေးတုန်းက တောရကျောင်း ဆရာ



www.burmeseclassic.com

www.burmeseclassic.com



တော်ကြီး ဦးဝိမလ ထားခဲ့တဲ့ အတွင်းပစ္စည်းတွေပဲ၊ သူတို့ မှန်စီခေါင်းကြီးကို ထုတ်လာတော့ ခေါင်းထဲက တွေ့ရတဲ့ပစ္စည်းတွေပဲ၊ ကံဆိုးရှာတဲ့ သီရိမယ်ဆိုတဲ့ မိန်းကလေးရဲ့လက်ဝတ်ရတနာတွေ ဖြစ်မှာပေါ့။

ဒီပစ္စည်းတွေကို ဆရာတော်ကြီးတွေ အဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်လာခဲ့တာ၊ အခု ကျောင်းထိုင်ဆရာတော်ကြီး ဦးနန္ဒမာလာလက်ထက် ရောက်တော့ ရဟန်းသံဃာနဲ့ မအပ်စပ်လို့ ငါတို့ သိမ်းခိုင်းထားတာ”

နီမောင်က ပစ္စည်းများကို ကြည့်ပြီး စိတ်မကောင်း ဖြစ်နေလေသည်။

“ဒီအဖြစ်မျိုးတွေက တကယ်ရော ရှိလို့လား အဘရယ်”

“ရှိတာပေါ့ကွာ. . . ဝိညာဉ်လောကဆိုတာ အင်မတန်နူးညံ့သိမ်မွေ့တဲ့ကိစ္စတွေပဲ၊ ဒီဝိညာဉ်ကြောင့်ပဲ ဘဝဟောင်းက ဘဝသစ် ကူးတာ၊ ဘဝသစ် ရောက်မှ ဘဝဟောင်းက အကြောင်းတွေကို သိနိုင်တာတွေ ရှိတာပေါ့”

ဟု အောက်ပါအကြောင်းများကို ပြောပြလေသည်။ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးဖြင့် ဖွဲ့စည်းထားသော လူ့လောက သဘာဝသည် ဆန်းကြယ်လှပေသည်။

(၁) ရူပက္ခန္ဓာ - သာမန်မျက်စိဖြင့် မြင်နိုင်သောခန္ဓာ၊
(၂) ဝေဒနက္ခန္ဓာ - သာမန်မျက်စိဖြင့်လည်း မြင်ရ၊ ထိတွေ့ကိုင်တွယ်၍လည်း မရပဲ လွန်တရာ နူးညံ့သိမ်မွေ့သောခန္ဓာ၊
(၃) သညာက္ခန္ဓာ - အာရုံကို ယူပြီး တပေါင်းတစည်းတည်း ပြုနိုင်သော ခန္ဓာ၊
(၄) သင်္ခါရက္ခန္ဓာ - ရုပ်တစ်ခုမှတစ်ခု ပြောင်းလဲသွားသော ပြုပြင်သွားသော ခန္ဓာ၊
(၅) ဝိညာဏက္ခန္ဓာ - သညာ၏သိခြင်းထက် ထူးသောအာရုံကို ရနိုင်ခြင်း၊ သိခြင်းလက္ခဏာ အစရှိသော ခန္ဓာ၊





ဤကဲ့သို့ ခန္ဓာငါးပါး ရှိရာမှ ရုပ်နှင့်နာမ်ဟု ဆိုအပ်သော အရာနှစ်ခုမှာလည်း မြင်ရသောအရာနှင့် မမြင်ရသောအရာ၊ ကြမ်းတမ်းသောအရာနှင့် နူးညံ့သိမ်မွေ့သော အရာဟူ၍ နှစ်မျိုးနှစ်စား ရှိလေသည်။

အချို့ကလည်း မြင်နေရသော ရုပ်ခန္ဓာကို ပထမ ခန္ဓာဟု ခေါ်ပြီး မမြင်ရသော ဝိညာဉ်ခန္ဓာကို ဒုတိယ ခန္ဓာဟု ခေါ်ကြ သည်။

ရုပ်ခန္ဓာနှင့် နာမ်ခန္ဓာကို (Silver Cord) ခေါ် ငွေရောင်ကြိုးမျှင်ကလေးဖြင့် ဆက်သွယ်ထားသည်။

အိပ်ပျော်နေသည့်အခါ သတိမေ့လျော့နေသည့်အခါများတွင် ရုပ်ခန္ဓာအတွင်းမှ ဝိညာဉ်ခန္ဓာက အပြင်သို့ ထွက်သွားသော အခါ စွန်တစ်ကောင်ကဲ့သို့ ငွေကြိုးကလေးက အမျှင်တန်းထားသော



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဝိညာဉ်ခန္ဓာသည် လျှပ်တပြက်အချိန်အတွင်း နေရာအနှံ့ အပြားသို့ ရောက်အောင် သွားနိုင်သည်။

အပြင်၌ သူမြင်တွေ့နေရသော အကြောင်းအရာအချို့ကို ရုပ်ခန္ဓာကို သတင်းပို့ပေးလေ့ ရှိသည်။

သို့ကြောင့် အိပ်မက်မက်ခြင်းများ ဖြစ်ပေါ်စေသည်။

အခြားဝိညာဉ်တစ်ခုက ရုပ်ခန္ဓာကို သတင်းပို့(အသိပေးခြင်း)ရမှာ ခက်နေလျှင် ဝိညာဉ်ခန္ဓာ အပြင်သို့ ထွက်လာသည်နှင့် ကြုံကြိုက်ပါက အသိပေးလေ့ရှိသည်။

အချို့သေဆုံးသွားသူတို့၏ဝိညာဉ်များက ၎င်းတို့ကို သတ်ဖြတ်သော တရားခံတို့အကြောင်းကို ဝိညာဉ်ခန္ဓာမှတဆင့် အသိပေးသဖြင့် လျှို့ဝှက်သောအမှုများ လူသတ်တရားခံများ ပေါ်ပေါက်ခဲ့ရသည်များ ဖြစ်သည်။

ဝိညာဉ်ခန္ဓာသည် ပြင်ပလောကနယ်နှင့် ဆက်သွယ်ရေ ပစ္စည်းတစ်ခု ဆိုကလည်း မမှားပေ။

အချို့ ရုပ်ခန္ဓာက လိုက်မရှာသောနေရာများ၊ ပျောက်ဆုံ နေသူများကို အိပ်ပျော်နေစဉ် နာမ်ခန္ဓာဟု ခေါ်သော ဝိညာဉ် အလွယ်တကူ ရှာတွေ့နိုင်ပေသည်။

၎င်းမှာ ဘဝခြားနေသူများကိုပင် ရှာနိုင်ပေသည်။ ထ တစ်ရံ ရုပ်ခန္ဓာက သူ ခိုအောင်းနေသော ရုပ်ခန္ဓာကို အပြင်မှ ထွ ကြည့်တာမျိုးလည်း ရှိသည်။





အချို့ကတော့ ထိုကြိုးကို ငွေရောင်အဆင်းရှိသောအသက်ကြိုး၊ သို့မဟုတ် ဇီဝကြိုးဟု ခေါ်ကြသည်။ ဝိညာဉ်ခန္ဓာသည် ဝေးလံသောခရီးများကို အကန့်အသတ်မရှိ သွားနေသလောက် ငွေရောင်ကြိုးကလေးက ဆန့်ထုတ်ပေးနိုင်လေသည်။

ထိုသို့ ဆန့်ထုတ်ပေးသော်လည်း ကိုယ်ခန္ဓာ၏ခံနိုင်မှု စွမ်းအားပေါ်မှာတော့ မူတည်သည်။

ရုပ်ခန္ဓာတွင် အဓိက အရေးကြီးဆုံးမှာ နှလုံးနှင့်သွေးပင် ဖြစ်သည်။ ၎င်းနှစ်မျိုးက ဝိညာဉ်ခန္ဓာ၏ဝေးကွာမှုနှင့် အချိန်ကို တန့်သတ်ထားသည်။

ဝိညာဉ်ခန္ဓာ အပြင်ရောက်ချိန် ကြာမြင့်ပါက သွေးလည်ပတ်မှု နှေးကွေးလာကာ နှလုံးရပ်တန့်သွားသည်။ ထိုအခါ အသက် သေတော့သည်။

ရုပ်ခန္ဓာ ပျက်စီးသွားပါက(သေဆုံးသွားပါက) ဝိညာဉ်ခန္ဓာသည် ပြန်လာသော်လည်း ခန္ဓာကိုယ်က လက်မခံတော့ပေ။ သို့ကြောင့် ဝင်ခွင့်မရတော့ပေ။

ထိုအခါ ခန္ဓာကိုယ်၏အပေါ်မှာ ဝေ့ဝဲလျက် ရှိနေကာ သူနေခဲ့သော ခန္ဓာကိုယ်ကို သံယောဇဉ် မကုန်စွာ ကြည့်နေတတ်သည်။

လူသေသွားပြီး ကိုယ်ခန္ဓာကို မဖျက်ဆီးမချင်း ဝိညာဉ်ခန္ဓာ အထက်နားမှာ ရှိနေသေးသည်။

ရုပ်ခန္ဓာကို ဖျက်ဆီးလိုက်တော့မှ အဝေးကို ထွက်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



အခြားခိုအောင်းရမည့် ခန္ဓာအသစ်တစ်ခုကို ရှာလေတော့သည်။

ထိုသို့ အနီးအနားမှာ ရှိနေခိုက်မှာ အမျှအတန်း ရကာ ကောင်းရာဘုံဘဝသို့ ရောက်ရသူတွေလည်း ရှိသည်။

အခြားဘုံဘဝတစ်ခုသို့ ရောက်နေသော ဝိညာဉ်ကို ရုပ်ခန္ဓာဖြင့် ရှာ၍မရနိုင်ပေ၊ ဝိညာဉ်ခန္ဓာဖြင့် ရှာဖွေက ဘယ်မှာရှိနေသည်၊ ဘယ်ဘဝ ရောက်နေသည်ကို သိနိုင်ပေသည်။

ယခုလည်း နီမောင် အိပ်ပျော်နေစဉ် ဘဝဟောင်းက အကြောင်းများကို ဝိညာဉ်ခန္ဓာက ရှာတွေ့လာသဖြင့် ၎င်း၏ခန္ဓာကိုယ်အား ပြန်လည်ပြောခဲ့ခြင်း ဖြစ်၏။

သို့မဟုတ် အခြားဝိညာဉ်ခန္ဓာတစ်ခုက ပြောဆိုသတိပေးလိုက်သောအကြောင်းများကို ပြန်လည်ပြောပြခဲ့ခြင်းလား မပြောတတ်ပေ။

မည်သို့ဆိုစေ. . .

နီမောင်ကတော့ ကပွဲယကြီး ပြောပြသော ဝိညာဉ်အကြောင်းများကို နားထောင်ရင်း အတိတ်ဘဝက အကြောင်းများကို ပြန်လည်လွမ်းဆွတ်နေမိသည်ကတော့ အမှန်ပင် ဖြစ်၏။







## အခန်း(၉)

# လှပသောညနှင့် သိင်္ဂါရပမေတ္တာ

သီတင်းကျွတ်ပွဲတော်ကြီး ပြီး၍ တစ်ပတ်ခန့် ကြာသောအခါ မတ္တရာမြို့မှ ဂုဏ်သရေ ရှိသော ဧည့်သည်များ မိုးမခရွာသို့ ရောက်လာကြသည်။

အခြားမဟုတ်ပေ. . .။

ထွန်းအောင်ကျော်နှင့် သူ့မိဘများ ဖြစ်ပေသည်။

ထွန်းအောင်ကျော်က မြနှင်းဖြူကို တောင်းရမ်းလက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



လူရန် အတင်းနားပူနားဆာ လုပ်သဖြင့် မတ္တရာမြို့မှ ဂုဏ်သရေရှိ လူကြီးအချို့ကိုပါ ခေါ်ပြီး မြနှင်းဖြူတို့အိမ်သို့ လာကြခြင်းဖြစ်သည်။

မြနှင်းဖြူ၏မိဘများမှာလည်း သမီးဖြစ်သူ၏သဘောဆန္ဒကို မမေးမြန်းရသေးသော်လည်း ယခုကဲ့သို့ ဧည့်သည်များ ရုတ်တရက် လာသောအခါ အိမ်ရှင်ဝတ္တရားနှင့် ကြိုဆိုဧည့်ခံကြရလေသည်။

နှစ်ဦးနှစ်ဘက် မိဘများမှာ ယခင်ကတည်းက စကားကမ်းလှမ်းထားခြင်း ရှိလေရာ ထွန်းအောင်ကျော် မိဘများက ကလေးနှစ်ယောက်ကို လက်ထပ်ထိမ်းမြားပေးရန် ကမ်းလှမ်းပြောဆိုလာသောအခါ မငြင်းသာအောင် ရှိကြလေသည်။

မြနှင်းဖြူမှာ မမျှော်လင့်ဘဲ ယခုကဲ့သို့ ဖြစ်လာသောအခါ ဘယ်လိုလုပ်ရမှန်း မသိအောင် ဖြစ်သွားလေသည်။

ဧည့်သည်များ ပြန်သွားသောအခါ အခန်းတွင်း ဝင်၍ ငိုကြွေးရာ မိခင်ဖြစ်သူမှ ချော့မော့ပြောဆိုရလေသည်။

"အခုမှတော့ မငြင်းပါနဲ့တော့ သမီးရယ်၊ လူကြီးချင်းတွေကလည်း အားလုံးပြောဆိုပြီးကြပြီ၊ မောင်ထွန်းအောင်ကျော်ကလည်း ဒီလောက်ဆိုးသွမ်းတဲ့ လူငယ်တစ်ယောက်တော့ မဟုတ်ပါဘူးကွယ်"

"သမီး သူ့ကို လက်မထပ်ပါရစေနဲ့ အမေရယ်"

"သမီးက ဘာဖြစ်လို့ သူ့ကို ဒီလောက်ငြင်းနေရတာလဲ ဧကန္တ သမီးမှာ ချစ်သူရည်းစားများ ရှိနေရော့သလား၊ တကယ်လို့





ရည်မှန်းထားသူ ရှိရင် အမေ့ကို ပြောပြ၊ သင့်တော်ရင် အမေ ဆုံးဖြတ်ပေးမယ်"

ဟု ပွင့်ပွင့်လင်းလင်း မေးလာသောအခါ သူမမှာ ချစ်သူမရှိသေးပေ။

ထိုအခြေအနေကို ရိပ်မိသော မိခင်ဖြစ်သူက. . .

"သမီးမှာလည်း ရွေးချယ်ထားတဲ့ ချစ်သူမှ မရှိသေးတာကွယ်၊ တစ်သက်လုံး မိဘစကား နားထောင်လာတဲ့ သမီးလေးပဲ ဒီတစ်ခါလည်း အမေတို့ မျက်နှာပျက်အောင်တော့ မလုပ်ပါနဲ့ကွယ်"

ဟု ပြောဆို နားချကာ ပြန်ထွက်သွားလေသည်။

နောက်ပိုင်းမှာလည်း ထွန်းအောင်ကျော်မှာ အကြောင်းအမျိုးမျိုးပြကာ ချောင်းပေါက်မတတ် ရောက်လာနေရာ မြနှင်းဖြူမှာ မချစ်သော်လည်း အောင့်ကာနမ်း ဆိုသလို ဧည့်ခံနေရလေသည်။

ထွန်းအောင်ကျော်က ဝတ်ကျေတမ်းကျေဆက်ဆံနေသော မြနှင်းဖြူ အမူအယာကို ကြည့်ပြီး ကျေနပ်ပုံ မရချေ။

"ဘယ်လိုလဲ မြလေး၊ ကိုယ်တို့နှစ်ယောက်က မကြာခင် လက်ထပ်ပြီး အကြင်လင်မယားဘဝကိုတောင် ရောက်ရတော့မှာကို ကိုယ့်အပေါ် ဒီလိုပဲ ဆက်ဆံနေတော့မှာလား"

"ဒါက လူကြီးချင်းတွေ စီစဉ်ထားတာပဲ၊ ကျွန်မ သဘောထားမှ မပါသေးတာ၊ ကျွန်မကတော့ အခုအချိန်ထိ ဒီကိစ္စတွေကို စိတ်မပါသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မင်း စိတ်မပါလည်း မကြာခင်မှာ လက်ထပ်ကြတော့မှာပါ၊ နောက်တော့လည်း မင်းသဘောထား ပြောင်းသွားမှာပါ"

ဟု မလျှော့သောလေသံဖြင့် ပြောလေသည်။

တစ်နေ့တော့ အပေါင်းအသင်းများ ဖြစ်သော ရှင်ထွေးတို့ အဖွဲ့နှင့် တွေ့သောအခါ သူတို့က ဝိုင်းမေးကြသည်။

"မြနှင်းဖြူ . . . နင် ဟိုလူနဲ့ လက်ထပ်ရတော့မယ်လို့ သတင်းကြားတယ်၊ အရင်ကတော့ သဘောမကျဘူးလိုလိုနဲ့ အခု တော့ လက်ခံလိုက်ရပြီလား"

"ငါ့သဘော မပါဘဲနဲ့ လူကြီးချင်း စီစဉ်နေကြတာပါဟယ်"

"အို . . . လူကြီးချင်း စီစဉ်တယ်ဆိုပေမယ့် လက်တွေ့ကျ တော့ ကိုယ်ပဲ ပေါင်းရတာ၊ စိတ်ဆင်းရဲစရာ ရှိတော့လည်း ကိုယ်ပဲ စိတ်ဆင်းရဲရမှာ၊ ကိုယ်သဘောမကျရင် လက်မခံနဲ့ပေါ့"

"ငါလည်း ဘယ်လိုလုပ်ရမှန်း မသိလို့ နင်တို့ဆီ လာတာ၊ ဘယ်လိုလုပ်ရင် ကောင်းမလဲဟင်"

"ခက်တာက နင့်မှာကလည်း အခုအချိန်ထိ ချစ်သူက မရှိ သေးတော့ ငါတို့က ဘယ်လိုလုပ်ပေးရမလဲ၊ တကယ်လို့ ချစ်သူရှိနေ တယ်ဆိုရင်လည်း ဝိုင်းဝန်းပြီး အကူအညီပေးလို့ ရသေးရဲ့၊ အခု တော့ . . ."

"မြနှင်းဖြူ . . . နင့်မှာ ချစ်သူမရှိသေးဘူးလားဟင်"

"နင်တို့ အသိဆုံးပဲဟာ၊ ငါက ဘယ်လိုပြောရမလဲ"

"ဟိုလေ . . . ချစ်သူမဖြစ်သေးပေမယ့် စိတ်ထဲက ကြိုက်ပြီး





သဘောကျနေတဲ့သူမျိုးရော မရှိသေးဘူးလား"

"အဲဒါ ငါက ပြောရမယ့်ကိစ္စမျိုးမှ မဟုတ်လား"

"အို . . . နင်ကလဲဟယ်၊ ငါတို့က တခြားလူတွေမှ မဟုတ် တာ၊ ပြောစရာရှိရင် ပွင့်ပွင့်လင်းလင်း ပြောရမှာပေါ့၊ ဒါမှ ငါတို့ တတွေက ဝိုင်းဖြိုးအကြံပေးလို့ ရမှာပေါ့"

"ငါ မပြောတတ်ပါဘူးဟာ"

"ဒီလိုဆိုရင် ငါမေးမယ်၊ နင် မှန်မှန်ပြောမလား"

"ဘာမေးမှာလဲ"

"နင် နီမောင်ကို သဘောမကျဘူးလားဟင်"

"အို . . . မဟုတ်တာ"

"ဘာအခုမှ ငြင်းချင်နေတာလဲ၊ နင့်စိတ်က ဘယ်လိုရှိတယ် ဆိုတာ ဟန်အမူအယာမှာ ပေါ်နေပြီလား၊ ဘာလဲ . . . နီမောင်က ထွန်းအောင်ကျော်တို့လို မချမ်းသာလို့ သဘောမကျတာလား"

"ငါက ငွေမက်တဲ့ အတန်းအစားမှ မဟုတ်တာဟယ်"

"ဒါဖြင့် မှန်မှန်ပြော . . . နင် နီမောင်ကို လက်ခံနိုင်တယ် မဟုတ်လား"

ရှင်ထွေးက ဖွင့်အတင်းမေးသောအခါ မြနှင်းဖြူက အတန်ကြာအောင် ခေါင်းငုံ့၍ ငြိမ်သက်နေလေသည်။

"သူ . . သူကမှ ငါ့ကို ဘာမှ မပြောသေးတာ"

"နီမောင်ကတော့ ပြောဝံ့ပါ့မလား၊ နင် နီမောင်ကို လက်ခံ နိုင်တယ်ဆိုရင် ဘာမှ စိတ်မပူနဲ့၊ ငါတို့ စီစဉ်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်. . ဘယ်လို စီစဉ်မှာလဲဟင်"

"သူ့သဘောထားကို သိအောင် ပွင့်ပွင့်လင်းလင်း မေးရမှာပေါ့၊ သူ့သဘောထား သိရရင် နင်တို့နှစ်ယောက် တွေ့ရအောင် ငါတို့ စီစဉ်ပေးမယ်"

"ဖြစ်ပါ့မလားဟယ်"

"နင် အခုအချိန်အထိ ပြတ်ပြတ်သားသား မဆုံးဖြတ်နိုင်သေးဘူးလား၊ တော်ကြာမှ ကိုယ်မချစ်တဲ့သူရဲ့ရင်ခွင်ထဲမှာ တစ်သက်လုံး မျက်ရည်နဲ့မျက်ခွက် နေရလိမ့်မယ်၊ နင် ထွန်းအောင်ကျော်ကို ချစ်နိုင်လို့လား"

"ငါ သူ့ကိုတော့ လုံးဝ မချစ်နိုင်ပါဘူး"

"ဒီလိုဆိုရင်တော့ တခြား ဘာမှစဉ်းစားမနေနဲ့တော့၊ နီမောင့်သဘောထားကို မေးကြည့်ပြီးလို့ အဆင်ပြေရင် နင်တို့နှစ်ယောက်ကို တွေ့ရအောင် ငါတို့ စီစဉ်ပေးမယ်"

"အဲဒီအကြံ ကောင်းတယ်ဟေ့၊ လာမယ့် လပြည့်နေ့ညကျောင်းမှာ ဝေယျာဝစ္စ သွားလုပ်ရင်း သူတို့နှစ်ယောက်ကို တွေ့ပေးလိုက်မယ်"

ဟု ပြောဆိုတိုင်ပင်ကြလေသည်။

ယခုအခါမှ မြနှင်းဖြူမှာ ရင်ခုန်သံ မြန်လာခဲ့ချေပြီ။ တကယ်တော့ အချစ်သည် အိပ်ပျော်နေသော နှလုံးသားကို ပုတ်နှိုးလိုက်ချေပြီ။

နှလုံးသားက နိုးလာသည်နှင့် ငြိမ်သက်နေသော ရင်ခုန်သံ





က မြန်လာလေတော့သည်။

တစ်ခါတစ်ရံ၌ အချစ်သည် ရင်ခုန်သံကို မြန်စေတတ်ပါသည်။

ရွှေပန်းကန်ချောင်းနံဘေးသို့ လရောင်က ဖြာကျလျက် ရှိသည်။

သစ်ပင်များကြားမှ ဖြာကျလာသော လရောင်သည် ပုံသဏ္ဌာန် မတူသော အလင်းကွက်များသဏ္ဌာန်ဖြင့် မြေပြင်ပေါ်မှာ အကွက်လိုက် ပေါ်နေသည်။

ရွှေပန်းကန်ချောင်းနံဘေးရှိ မဟော်ဂနီပင်ကြီးအောက်မှာ မြနှင်းဖြူ ရှိနေသည်။

သူမသည် တစ်ယောက်တည်း ထိုင်နေရင်းမှ စိုးရိမ်စိတ်များဝင်နေသည်။ ရင်ခုန်သံများ မြန်နေလေသည်။

ရှင်ထွေးတို့တတွေက ထိုနေရာမှာ စောင့်နေပါ ဆိုသဖြင့် လာရောက်ရသော်လည်း အစီအစဉ်က ဘာမှန်းမသိရသေးပေ။

ခဏကြာတော့ နောက်ဖက်မှ ခြေသံကြားရသဖြင့် လှည့်ကြည့်လိုက်သည်။

မလှမ်းမကမ်း လရောင်အောက်မှာ လူတစ်ယောက် ရပ်နေသည်။

"နီ. . . နီမောင်လား"

တုန်ယင်သောအသံဖြင့် လှမ်းမေးလိုက်တော့ နီမောင်က လျှောက်လာပြီး မနီးမဝေးမှာ ဝင်ထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာအောင် ငြိမ်သက်နေပြီးမှ. . .

"ရှင်ထွေးတို့က နင်စောင့်နေတယ်ဆိုလို့ ငါလာခဲ့တာ"

ဟု အသံတိုးတိုးဖြင့် ပြောလိုက်သည်။

"ဟုတ်. . . ဟုတ်တယ်၊ နင် ပြောစရာ ရှိတယ်ဆိုလို့ ငါ စောင့်နေတာ"

"အခုအချိန်မှ ပြောဖို့တော့ နောက်ကျသွားပြီ ထင်တယ်၊ နင်က မကြာခင်မှာ လက်ထပ်တော့မှာ မဟုတ်လား"

"ဒါက လူကြီးတွေ စီစဉ်ကြတာပါ၊ ငါ သဘောတူလို့မှ မဟုတ်ဘဲ"

"ဒါဖြင့် ငါပြောစရာရှိတာ ပြောရမလားဟင်"

"ပြောလေ. . ."

"ငါ နင့်အပေါ်မှာ သံယောဇဉ် ရှိနေတာကို နင်ရိပ်မိတယ် မဟုတ်လား"

"မပြောဘဲနဲ့ ဘယ်လိုသိမှာလဲ"

"ငါ့မှာ ပြောဖို့ကလည်း အခွင့်အရေး မရှိခဲ့ပါဘူး၊ ငါတို့နှစ်ယောက်က အခြေအနေချင်းကလည်း မတူကြဘူး မဟုတ်လား"

"အဲဒါနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ မြနှင်းရယ်၊ ငါ့အနေနဲ့ နင့်ကို တင့်တင့်တယ်တယ် ထားနိုင်ဖို့ အခြေအနေမှ မရှိသေးတာ၊ နင့်ကို ဒုက္ခပေးသလို ဖြစ်မှာကို စိုးရိမ်မိလို့ပါ"

"လူဆင်းရဲတာထက် စိတ်ဆင်းရဲတဲ့ဒုက္ခက မပိုဘူးလား၊ ငါ ထွန်းအောင်ကျော်ကို လက်ထပ်ရရင် တစ်သက်လုံး စိတ်ဆင်းရဲနေရမှာကို နင်ကြည့်နေရက်လို့လား"

"ဒီလိုတော့ ဘယ်ကြည့်ပါ့မလဲ မြနှင်းရယ်၊ ငါ နင့်အပေါ်မှာ တကယ့်မေတ္တာစစ်နဲ့ ချစ်ခဲ့တာပါ၊ နင် ငါ့မေတ္တာကို လက်ခံမယ် မဟုတ်လားဟင်"

"အခုမှ လာမေးနေရတယ်၊ ဒါတောင် ရှင်ထွေးတို့တတွေ ဖွတ်အတင်းလွှတ်လိုက်လို့ မလွှဲသာလို့ လာပြောနေတာ မဟုတ်လား"

"မဟုတ်ပါဘူး မြနှင်းရယ်၊ သူတို့ လာပြောကတည်းက ငါ့သဘောထားကိုလည်း ပြောပြလိုက်ပြီးပါပြီ၊ နင် ငါ့ရဲ့မေတ္တာကို လက်ခံမယ် မဟုတ်လားဟင်"

"နီမောင်ရယ်. . . ဒီလောက် အချိန်မတော်ကြီးမှာ နင် ချိန်းတဲ့နေရာကို တစ်ယောက်တည်း လာစောင့်နေတဲ့ ငါ့ရဲ့သဘောထားကို အခုထိ နင် မရိပ်မိသေးဘူးလားဟင်"

"ရိပ်တော့ ရိပ်မိတာပေါ့၊ ဒါပေမယ့် စိတ်ချရအောင် နင် ပြောတာလည်း ကြားချင်သေးတာပေါ့"

"ငါတို့နှစ်ယောက်က ရှေးဘဝက ရေစက်ကြောင့် အခုဘဝမှာ ပြန်ဆုံကြရတာပဲ၊ ငါ နင့်ရဲ့မေတ္တာကို လက်ခံပါတယ် နီမောင်ရယ်"

ဟု ပြောတော့မှ နီမောင်က အနားထပ်တိုးလာပြီး လက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်သည်။







www.burmeseclassic.com

www.burmeseclassic.com



"ငါ ဝမ်းသာလိုက်တာ မြနှင်းရယ်၊ အခုမှပဲ စိတ်အေးရတော့တယ်၊ ဒါ့ထက် လူကြီးတွေ စီစဉ်တဲ့ရက်က နီးနေပြီဆိုတော့ တို့နှစ်ယောက် ဘယ်လိုလုပ်ကြမလဲဟင်"

"ဒါကတော့ နင် စီစဉ်ရမှာပေါ့၊ ငါကတော့ နင်စီစဉ်တဲ့အတိုင်း လိုက်မှာပဲ"

"ဒါဖြင့် ငါက တစ်နေရာ ခေါ်သွားရင်ကော လိုက်မှာပဲလား"

ခေါင်းညိတ်ပြသည်။

"ဆင်းရဲမှာ မကြောက်ဘူးလား"

"စိတ်ဆင်းရဲမှာပဲ ကြောက်တယ်"

"ဒီလိုဆိုရင် ကပ္ပိယကြီးနဲ့တော့ တိုင်ပင်ရဦးမယ်၊ ငါ အစီအစဉ်ပြီးတာနဲ့ နင့်ကို လာခေါ်မယ်"

ပြုံး၍ခေါင်းညိတ်ပြသည်။

နီမောင်က မြနှင်းဖြူ လက်ကလေးကို တင်းတင်းဆုပ်ထားလိုက်သည်။ မြနှင်းဖြူကလည်း ခပ်တင်းတင်း ပြန်ဆုပ်ထားသည်။

ထိုညအဖို့တော့ ၎င်းတို့နှစ်ဦးအတွက် သိဂီၤရမြောက်သောလှပသည့် ညကလေးတစ်ည ဖြစ်ခဲ့ပါချေပြီ။







အခန်း(၁၀)

# ဘဝဟောင်းမှ ကလဲ့စား

သတ်မှတ်ထားသောရက်သို့ ရောက်သောအခါ မတ္တရာမှ ထွန်းအောင်ကျော်တို့ မိသားစုများနှင့် ဧည့်သည်များ ရောက်လာကြသည်။ ၎င်းနေ့တွင် နှစ်ဖက်မိဘနှင့် လူကြီးစုံရာရှေ့တွင် စေ့စပ်ကြောင်းလမ်းကြပြီး မင်္ဂလာပွဲ ကျင်းပမည့်ရက်ကို ရွေးချယ်ကြရန် ဖြစ်လေသည်။

ရွာထဲမှ ဖိတ်ကြားထားသော ဧည့်သည်များကလည်း ဝတ်



www.burmeseclassic.com

www.burmeseclassic.com



တောင်းစားလှူများ ဝတ်ဆင်ကာ ရောက်လာကြလေပြီ။

အားလုံး စုံလင်၍ စေ့စပ်မင်္ဂလာပွဲ ကျင်းပရန် လူအများ ပြင်ဆင်ပြီးသောအခါမှ သတို့သမီးလောင်း မြနှင်းဖြူကို ရှာမတွေ့ကြတော့ပေ။

"အမေကြီး . . . မမလေး မရှိတော့ဘူး"

"ဟဲ့ . . . ဘယ်ရောက်လို့လဲ၊ စောစောကပဲ အခန်းထဲမှာ ရှိနေသေးတယ်"

"စောစောက နောက်ဘက် ထွက်ပြီး အပေါ့အပါး သွားဦးမယ် ပြောပြီး ထွက်သွားတာ ပြန်မလာတော့ဘူး"

"ဟဲ့ . . . ဒါဖြင့် လိုက်ရှာကြပါဦး"

ဟု ပြောဆိုကာ အနီးတဝိုက် လိုက်ရှာကြသော်လည်း မြနှင်းဖြူ၏အစအနမျှပင် မတွေ့ရတော့ပေ။

ပတ်ဝန်းကျင်ကို စုံစမ်းကြည့်သောအခါ ကျောင်းဘက် ထွက်သွားသည်ကို မြင်လိုက်ရသည်ဟု ပြောသဖြင့် လူစုလူဝေးဖြင့် ကျောင်းဘက်သို့ လိုက်ကြလေသည်။

ထွန်းအောင်ကျော်မှာ စေ့စပ်ပွဲ စကာနီးမှ မြနှင်းဖြူ ပျောက်သွားသဖြင့် တရှုံ့ရှုံ့ တရှဲရှဲနှင့် ဒေါသဖြစ်နေလေသည်။ သူကိုယ်တိုင် ရှေ့မှ ဦးဆောင်၍ လိုက်ရှာလေသည်။

ကျောင်းသို့ ရောက်ပြန်တော့လည်း မြနှင်းဖြူ၏အရိပ်အယောင်ကိုမှ မတွေ့ကြရပေ။

ဥပုသ်နေ့ မဟုတ်သဖြင့် ကျောင်းဝန်းတစ်ခုလုံးမှာလည်း





တိတ်ဆိတ်ငြိမ်သက်နေသည်။

ကျောင်းပတ်ဝန်းကျင်တစ်ခုလုံး အနှံ့အပြား လိုက်ရှာသော်လည်း မတွေ့ကြရပေ။ ထိုအချိန်မှာ ကပ္ပိယကြီး ဦးဖန်ကောင်း ထွက်လာလေသည်။

"ဘာများ ရှာနေကြတာပါလဲ"

"လူတစ်ယောက် ပျောက်လို့ လိုက်ရှာနေကြတာ၊ ဒီဘက်တို မိန်းကလေးတစ်ယောက် လာတာများ မတွေ့မိဘူးလား"

"မတွေ့မိပါလား"

ထွန်းအောင်ကျော်က မယုံသဖြင့် အနီးပတ်ဝန်းကျင်သို့ လိုက်လံကြည့်သောအခါ ပိတ်ထားသော ဂူပေါက်တစ်ခုကို တွေ့သဖြင့် စိတ်ထဲမှာ မသင်္ကာသဖြင့် . . .

"ဒီဂူပေါက်ထဲမှာ ဘာရှိသလဲ"

ဟု မေးလိုက်သည်။

"ဒီဂူထဲမှာ ဘုန်းကြီးပျံလွန်တော်မူရင် ထည့်တဲ့ ခေါင်းတလားတစ်လုံးနဲ့ အရိုးစုတွေပဲ ရှိတယ်"

"တံခါးဖွင့်ပြပါလား"

ဟု ပြောသဖြင့် ဦးဖန်ကောင်းက တံခါးဖွင့်ပေးလိုက် သည်။

အခြားသူများက မဝင်ဝံ့သဖြင့် မဝင်သော်လည်း ထွန်းအောင်ကျော်ကတော့ ဒေါကပ်နေသူမို့ အတင်းဝင်သွားလေသည်။ ဦးဖန်ကောင်းကလည်း နောက်မှ ဝင်လိုက်လာသည်။

ဂူအတွင်းမှာ အလင်းရောင် မရှိသဖြင့် မှောင်မည်းနေ



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း အရာအားလုံးကိုတော့ ဝိုးတဝါး မြင်နိုင်လေသည်။

အတွင်းပိုင်းရောက်တော့ ကျောက်ဂူနံရံ၌ ထောင်ထားသော အရိုးစုများကို တွေ့မြင်ရသောအခါ ထွန်းအောင်ကျော်မှာ လန့်သွားလေသည်။

ထိုအရိုးစုများကို ကြည့်ရင်း တစ်စုံတစ်ခု ထူးခြားနေသည်ဟု စိတ်ထဲမှာ ထင်နေမိသည်။ ကြည့်ရင်းနှင့် ကျောထဲမှာ စိမ့်ကနဲဖြစ်လာသော်လည်း ရှေ့သို့ ဆက်ဝင်သွားသည်။

အတွင်းပိုင်းမှာတော့ သလွန်တစ်ခုပေါ်မှာ တင်ထားသော မှန်စီခေါင်းတလားကြီးကို တွေ့ရသည်။ ထို့အပြင်တော့ ဘာမှ မရှိတော့ပေ။

"တလားကြီးကို ဖွင့်ပြရဦးမှာလား"

ဦးဗန်ကောင်းက လှမ်းမေးသည်။ ထွန်းအောင်ကျော်က အနားကပ်သွားပြီး လက်ဖြင့် မ,ကြည့်သော်လည်း နည်းနည်းမှ မလှုပ်သဖြင့် ပြန်လှည့်ထွက်လာသည်။

သူ့စိတ်ထဲမှာတော့ နည်းနည်းမှ မကျေနပ်ပေ။

ထို့နောက်မှာတော့ အားလုံး လက်လျှော့ကာ ပြန်သွား[illegible]လေသည်။

ထိုအခါမှ တောစပ်၌ ပုန်းနေသော နီမောင် ထွက်လာ[illegible] ဦးဗန်ကောင်းနှင့် နှစ်ယောက် ဂူအတွင်း ပြန်ဝင်သွားကြသည်။

အတွင်းရောက်သောအခါ ခေါင်းတလားကြီး ရှိရာသို့ သွား[illegible]ကာ ဦးဗန်ကောင်းက လျှို့ဝှက်ခလုတ်တစ်ခုကို နှိပ်လိုက်သောအခါ[illegible]





'ဂျောက်' ကနဲ အသံမြည်ကာ အဖုံးပွင့်သွားလေသည်။

အဖုံးကို ဖွင့်လိုက်တော့ အတွင်း၌ မြနှင်းဖြူ ရှိနေလေသည်။ သို့သော် သတိမေ့နေသဖြင့် အပြင်သို့ မ,ထုတ်ကာ သတိရအောင် ပြုစုပေးရသည်။ အတန်ကြာတော့မှ သတိပြန်ရလာသည်။

မြနှင်းဖြူမှာ ခေါင်းတလားကြီးကို မြင်သောအခါ များစွာ ထိတ်လန့်ကြောက်ရွံ့နေလေသည်။

"သူတို့လက်က လွတ်အောင်လို့သာ လုပ်ရတယ်၊ ဒါကြီးမြင်ကတည်းက ကြောက်လိုက်တာ လွန်ပါရော၊ စိတ်ထဲမှာလည်း တစ်မျိုးကြီးပဲ၊ ဒီအထဲမှာ ကိုယ်နှစ်ပေါင်းများစွာ နေခဲ့ရသလိုပဲ"

ဟု အသံကလေး တုန်တုန်ယင်ယင်ဖြင့် ပြောသည်။

ထိုအခါ ဦးဗန်ကောင်းက ပုဝါဖြင့် ထုပ်ထားသော ရတနာပစ္စည်းထုပ်ကို လှမ်းပေးသည်။

"အခုမှတော့ ဘာမှ မကြောက်နဲ့တော့၊ ရော့. . . ဒီမှာ ရတနာပစ္စည်းတွေ၊ ဒီပစ္စည်းတွေဟာ နင်တို့နှစ်ယောက် အရင်ဘဝတ ပိုင်ဆိုင်ခဲ့တဲ့ လက်ဝတ်ရတနာတွေပဲ၊ တဝက်ကို လှူပြီး တဝက်ကို ရင်းနှီးစားသောက်ကြပေတော့၊ ကဲ. . . အချိန်ရှိတုန်း လွတ်ရာသွားကြပေတော့"

ဟု ပြောသဖြင့် နီမောင်နှင့် မြနှင်းဖြူတို့နှစ်ယောက်က တပ္ပိယကြီး ဦးဗန်ကောင်းကို ကန်တော့ကြပြီး ရတနာပစ္စည်းထုပ်ကို ယူကာ အဝေးသို့ ထွက်သွားကြလေသည်။

မြနှင်းဖြူ ပျောက်သွားခြင်းအတွက် မကျေမနပ် ဖြစ်နေသူ



www.burmeseclassic.com

www.burmeseclassic.com



မှာ ထွန်းအောင်ကျော်ပင် ဖြစ်သည်။

သူ့စိတ်ထဲမှာ ကျောင်းပတ် ဝန်းကျင်တဝိုက်မှာ မြနှင်းဖြူ ရှိနေသည်ဟု စိတ်က ထင်နေသည်။

ထို့ကြောင့် လူကြီးများ ပြန်သွားသော်လည်း မပြန်သေးပဲ မှောင်စပြုသောအချိန်တွင် ထိုနေရာသို့ တစ်ခေါက်ပြန်လာလေသည်။ သူနှင့်အတူ အဖော်နှစ်ယောက်လည်း ပါလာလေသည်။

ကျောက်ဂူနှင့် မနီးမဝေးနေရာရှိ အမှောင်ရိပ်၌ ထိုင်ကာ ပတ်ဝန်းကျင်တဝိုက်ကို မျက်ခြည်မပြတ် စောင့်ကြည့်နေကြသည်။

ညဦးပိုင်းအချိန် ရောက်သောအခါ တောစပ်မှ ပုဝါတစ်ထည်ကို ခေါင်းမြီးခြုံထားသော မိန်းကလေးတစ်ယောက် ထွက်လာလေသည်။

ထွန်းအောင်ကျော်တို့က မျက်ခြည်မပြတ် ကြည့်နေကြစဉ်မှာ မိန်းကလေးက ဂူတံခါးကို ဖွင့်၍ အထဲသို့ ဝင်သွားလေသည်။

"မင်း ငါ့လက်က မလွတ်နိုင်ပါဘူး မြနှင်းဖြူရယ်"

ဟု ကြိမ်းဝါးရေရွတ်ကာ အဖော်နှစ်ယောက်ကို အပြင်မှာထားခဲ့ပြီး ဖွင့်ထားသော တံခါးမှ အတွင်းသို့ ဝင်လိုက်သွားသည်။

သူ ဂူထဲ ရောက်တော့ မတ်တတ်ရပ်နေသော သဏ္ဍာန်တစ်ခုကို မြင်ရသည်။ အပြင်ဘက်မှာ လရောင်ရှိနေသဖြင့် ဂူအတွင်းမှာ အတန်အသင့် မြင်နိုင်လေသည်။

မိန်းကလေးက နေရာမှာ ရပ်နေသည်။

"မင်းဘယ်သူလဲ"





"နှင်းမေပါ"

မိန်းကလေးထံမှ အသံကြားရသည်။

"နှင်းမေ . . . နှင်းမေက အချိန်မတော်ကြီး ဒီဂူထဲ ဘာလာလုပ်တာလဲ"

"မြနှင်းဖြူကို လာတွေ့တာပါ"

"မြနှင်းဖြူက ဘယ်မှာလဲ"

"အတွင်းမှာ ရှိပါတယ်"

ဟု ပြောကာ နှင်းမေဆိုသော မိန်းကလေးက ထွန်းအောင်ကျော်နံဘေးမှ ဖြတ်ကာ အပြင်သို့ ပြန်ထွက်သွားလေသည်။

အပြင်ရောက်တော့ တံခါးကို ပြန်ပိတ်ကာ သော့ပါ ပိတ်သွားပြီး ထိုနေရာမှ ပြန်ထွက်သွားလေသည်။

ထိုအခြေအနေကို အပြင်မှာ ကျန်ခဲ့သော နှစ်ယောက်တမြင်လိုက်ကြပေ။ ဂူတံခါးပေါက်ဝ ပိတ်သွားသဖြင့် ဂူအတွင်းမှာ မှောင်ကျသွားလေတော့သည်။

ထွန်းအောင်ကျော်မှာ အတွင်း၌ မြနှင်းဖြူ ရှိသည်အထင်နှင့် အတွင်းသို့ တဖြည်းဖြည်း စမ်းဝင်လာသည်။

အမှောင်ထဲမှာ စမ်းဝင်လာသောကြောင့် တစ်နေရာရောက်သောအခါ အရိုးစုကြီးနှင့် တိုက်မိပြီး အရိုးစုများက သူ့အပေါ် ပြိုလဲကျလာသည်။

ထိုအရိုးစုကြီးက သူ့ကို ဖက်ထားသလို ရှိနေ... ကြောက်လန့်တကြား ပြန်ထလေသည်။ ထိုအခိုက်မှာပင် နားထဲ...



www.burmeseclassic.com

www.burmeseclassic.com



စကားသံလိုလို ကြားရလေသည်။

"ငါတို့ကို နှစ်ပေါင်းများစွာ ကျိန်စာဆိုခဲ့တဲ့ စောဖဟုံကို အခုပြန်ပြီး ကလဲ့စားချေကြမယ်ဟေ့"

"ဟင်. . ."

ထိုစကားသံများက နားထဲမှာ အတိုင်းသား ကြားနေရသည်။ လှမ်းကြည့်လိုက်တော့ ဂူအတွင်းပိုင်း အမှောင်ရိပ်အတွင်း၌ လှုပ်ရှားနေသော မည်းမည်းသဏ္ဌာန်များကို လှမ်းမြင်ရသည်။

ထွန်းအောင်ကျော်မှာ နောက်သို့ ပြေးထွက်ရန် ပြင်သော်လည်း နောက်ဘက်မှာလည်း မည်းမည်းသဏ္ဌာန်များက ရှိနေချေပြီ။

"ငါတို့ဝိညာဉ်တွေကို ကျိန်စာဆိုခဲ့တဲ့လူ၊ အရင်ဘဝက တလဲ့စားချေခွင့် မရဘူး၊ အခုဘဝမှပဲ ပြန်တွေ့တော့တယ်၊ ငါတို့လိုပဲ မင်းလည်း ကျိန်စာသင့်စေရမယ်ဟေ့"

ဟု ပြော၍ အနားသို့ ကပ်လာရာ စောဖဟုံ ဝင်စားသည်ဆိုသော ထွန်းအောင်ကျော်မှာ အတွင်းဘက်သို့ ဝင်ပြေးရာ အနောက်ဘက်မှ 'ကျွီ'ကနဲ အသံကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်ရာ မှန်စီခေါင်းကြီး၏အဖုံးက တဖြည်းဖြည်း ပွင့်တက်လာချေပြီ။

"ကျွီ. . . ကျွီ"

"ဟင်. . ."

တဖြည်းဖြည်း တိုးကပ်လာသော အရိပ်မည်းကြီးများကလည်း အနားသို့ ရောက်လာချေပြီ။





## အခန်း(၁၀)

# ထွဲလက်ခိုင်ရှဲ မြဲကြွေစေ

**နောက်**ထပ် လအနည်းငယ် ကြာသောအခါ မန္တလေးမြို့ပေါ်ရှိ ဘုရားများကို လှည့်လည်ဖူးမြော်ရင်း အလှူဒါနများ ပြုလုပ်နေသော အသစ်စက်စက် ဇနီးမောင်နှံ နှစ်ဦးတို့ကို တွေ့ကြရမည်။

ၤင်းတို့သည် ယက်ဝတ်ရတနာအချို့ကို ထုခွဲရောင်း...



www.burmeseclassic.com

www.burmeseclassic.com



ဘုရားစေတီများသို့ လိုက်လံ လှူဒါန်းနေကြခြင်း ဖြစ်သည်။

"မြနှင်း. . . ကိုယ်တို့နှစ်ယောက်ဘဝက အတော်ဆန်း ကြယ်တယ်နော်၊ အရင်ဘဝကတည်းက ချစ်သူတွေ ဖြစ်ခဲ့ကြပြီး ပေါင်းခဲ့ကြရဘူး၊ ဒီဘဝရောက်မှ ရေစက်ဆုံပြီး ပြန်ပေါင်းရတယ် နော်၊ မြနှင်း ဝမ်းမသာဘူးလားဟင်"

"ဝမ်းသာတာပေါ့ ကိုရယ်၊ ဒါပေမယ့် အခုလို ပြန်ဆုံရတာ မြနှင်းကြောင့်ဆိုတာလည်း မမေ့နဲ့နော်"

"ဟင်. . . ဘာဖြစ်လို့လဲ"

"မြနှင်းက ဝိညာဉ်ဘဝနဲ့ ကို့ရဲ့ဝိညာဉ် ဘယ်မှာရှိတယ် ဆိုတာကို လိုက်ရှာပြီး နီးနီးနားနားမှာ ဝင်စားခဲ့လို့ အခုလို ဆုံရတာ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်ဗျာ. . . ဟုတ်ပါတယ်၊ ဒီအတွက် ကိုယ့်ရဲ့ နှင်းလေးကို ကျေးဇူးတင်ပါတယ်ဗျာ"

"ကျေးဇူးတင်တာ နောက်ထားဦး၊ ရွာက လာတဲ့ ရှင်ထွေး တို့ ပြောသွားတာ ကြားတယ်မဟုတ်လား၊ အရင်ဘဝက ကျွန်မတို့ နှစ်ယောက်ကို ဒုက္ခပေးခဲ့တဲ့ စောဖဟုံ ဝင်စားတယ်ဆိုတဲ့ ထွန်း အောင်ကျော်တစ်ယောက် မှန်စီခေါင်းကြီးထဲမှာ ပိတ်မိပြီး သေနေ တာမှ ပြန်တွေ့ကြရတယ်တဲ့"

"ဒီမှန်စီခေါင်းတလားကြီးက သူတပါးကို ဒုက္ခပေးဖို့ အရင် ဘဝက သူ စီရင်ခဲ့တဲ့ခေါင်းပဲ၊ ဒီဘဝကျမှ ဝဋ်ကြွေးဆိုတာ ကိုယ့် အပေါ်မှာ ရှိနေရင် တစ်ဘဝမဟုတ် တစ်ဘဝမှာ မလွဲမသွေ ပြန်





ဆပ်ရတယ်ဆိုတာ သင်ခန်းစာ ယူစရာပေါ့"

"ဟုတ်တယ်နော်. . . အတော့်ကို ကြောက်ဖို့ကောင်းတယ်၊ သူစီရင်ခဲ့တဲ့လက်နက်နဲ့ပဲ သူ ပြန်သေခဲ့တယ်၊ ကျွန်မကို ဟိုဘဝတ ခေါင်းထဲ ထည့်ပြီး ပိတ်လှောင်သတ်ခဲ့တဲ့ ဝဋ်ကြွေးက ဒီဘဝမှာ သူပြန်ခံရတာပဲ"

"လောကမှာ မကောင်းမှုတစ်ခု ပြုလုပ်ထားပြီးရင် ဘယ် တော့မှ ကြေပျက်တယ်လို့ မရှိဘူးဆိုတာနဲ့ မလွဲမသွေ ဝဋ်ကြွေးဆပ် ရတယ်ဆိုတာ သိနိုင်တာပေါ့၊ တွေးကြည့်ရင်တော့ ကြောက်စရာပဲ ပေါ့"

"ဒါထက် ဒီမှာ အလှူအတန်းကိစ္စတွေ ပြီးရင် ရွာကို ပြန်ကြ ရမယ် မဟုတ်လား၊ အဖေတို့ အမေတို့က ကျွန်မတို့သတင်း ကြား ပြီးကတည်းက တမျှော်မျှော် ဖြစ်နေကြပြီ"

"ရွာပြန်ရောက်မှ ကိုယ်နဲ့ ဆဘောမတူဘူး ပြောပြီး နှင် ထုတ်လိုက်ရင် ဘယ့်နှယ်လုပ်ရမလဲ"

"ဒီလိုလုပ်လို့ကတော့ ဘယ်ရမလဲ၊ ကျွန်မက ကို့နောက်တို့ ပြေးလိုက်လာခဲ့မှာပေါ့"

"ယုံပါပြီဗျာ. . . ယုံပါပြီတဲ့၊ ဟောဒီက ကိုယ့်ချစ်သူလေးရဲ့ ခိုင်မြဲတဲ့ သစ္စာနဲ့မေတ္တာကို ယုံကြည်ပါပြီတဲ့၊ ကဲ. . . ဘုရားသွားဖူး ကြရအောင်"

ဟု ပြောဆိုကာ တစ်ယောက်လက် တစ်ယောက်ဆွဲ၍ ပျော်ရွှင်စွာဖြင့် ထွက်သွားကြသည်တွင် ကျွန်ုပ်ရေးသားသော (ရွှေ



www.burmeseclassic.com

www.burmeseclassic.com



ပန်းကန်ချောင်းနံဘေးက ကျိန်စာသင့်ချစ်သူ) အမည်ရှိ ပရလောက ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်မှာလည်း ဤနေရာတွင် နိဂုံးကမ္ပတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနီယာဟောတု သုခိအတ္တာနံ ပရိဟရန္တု။

စာပြီးချိန် ။ ။ (၂၀၀၀)ခုနှစ်၊ စက်တင်ဘာလ(၁)ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက်(၉)နာရီ။



www.burmeseclassic.com